# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရားမှ မဆုတ်ယုတ်**

တရားလျှင် မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော၊ တရားကို အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

ဘိက္ခုဝဂ် (ဓမ္မပဒ-၃၆၄)


၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက် | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၆ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၂၇၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား လေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်မည့် စစ်ရေယာဉ်များက ရှေ့နောက်တန်းပုံပြုပုံစံ (Single Line Formation) ဖြင့် ဂုဏ်ပြုချီတက်မောင်းနှင် အလေးပြုကြစဉ်။

# နိုင်ငံတော်ကာကွယ်ရေးစွမ်းပကား မြှင့်တင်ရေးအတွက် တပ်မတော်(ရေ)မှ ရေငုပ်သင်္ဘောစစ်ရေယာဉ်နှစ်စင်းအပါအဝင် စစ်ရေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှု လေ့ကျင့်ခန်း (Sea Shield-2022) လေ့ကျင့်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၅

တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို လုံခြုံစွာကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် ကာကွယ်ရေးစွမ်းရည် ထက်မြက်မြင့်မားစေရန် တပ်မတော် (ကြည်း၊ ရေ၊ လေ) လေ့ကျင့်ခန်းများကို အမြဲမပြတ်လေ့ကျင့် ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင်လည်း ဇူလိုင် ၁ ရက်မှစ၍ မြန်မာ့ရေပိုင်နက် ရခိုင်ကမ်းရိုးတန်းရေပြင်အတွင်း တပ်မတော် (ရေ) မှ တိုက်ခိုက်ရေး ရေငုပ်သင်္ဘော စစ်ရေယာဉ် (မင်းရဲသိင်္ခသူ) နှင့် (မင်းရဲကျော်ထင်) အပါအဝင် စစ်ရေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း (Sea Shield-2022) အား လေ့ကျင့်ဆောင်ရွက်လျက်ရှိသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖


**ယနေ့** *ဖတ် စ ရာ*


၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ — ပြည်တွင်းသတင်း စာ - ၅

ဝန်ပြန်ကျေးရွာက ဝါးအသက်မွေးဝမ်းကျောင်း ပညာသင်တန်း — ဆောင်းပါး စာ - ၉

တရုတ်နိုင်ငံ၌ ဇွန်လသည် နှစ်ပေါင်း ၆၀ အတွင်း အပူချိန်အမြင့်ဆုံးလ အဖြစ် မှတ်တမ်းဝင်ခဲ့ — နိုင်ငံတကာသတင်း စာ - ၁၄

မြန်မာ့အလင်း

# မြန်မာနှင့် မြေငလျင်အန္တရာယ်

မြန်မာနိုင်ငံ၏ တည်ရှိနေသည့် ပထဝီအနေအထားနှင့်မြေမျက်နှာသွင်ပြင်တို့အရ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသည့် နိုင်ငံများထဲတွင် ပါဝင်သည်။ သဘာဝဘေးအန္တရာယ်များအနက် မုန်တိုင်းနှင့်မြေငလျင်တို့မှာ မြန်မာနိုင်ငံအတွက် အဓိကကျသော သဘာဝဘေးအန္တရာယ်များပင် ဖြစ်သည်။ မုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်ကို ကြိုတင်ခန့်မှန်းသိရှိနိုင်ပြီး ထိခိုက်ဆုံးရှုံးမှုနည်းအောင် ပြင်ဆင်တိမ်းရှောင်နိုင်သော်လည်း မြေငလျင်မှာမူ ကြိုတင်ခန့်မှန်းတွက်ချက်နိုင်ခြင်း မရှိသည့်အတွက် ငလျင်၏သဘောသဘာဝကို သိနားလည်ရန်နှင့် ငလျင်ဖြစ်ပေါ်လာပါက ဘေးအန္တရာယ်မှလွတ်မြောက်အောင် တိမ်းရှောင်တတ်ရန် လေ့လာပြင်ဆင်ကြရမည်ဖြစ်သည်။

ကမ္ဘာ့မြေအောက် ကျောက်လွှာကြီးများ တစ်ခုနှင့်တစ်ခု တိုးတိုက်ရာမှ ထွက်ပေါ်လာသည့် စွမ်းအားများကြောင့် မြေငလျင်လှုပ်ခတ်မှု ဖြစ်ပေါ်လာရသည်။ မြေငလျင်ဖြစ်ပေါ်သည့်နေရာ၊ ငလျင်ဗဟိုချက်၊ မြေမျက်နှာပြင်နှင့် အကွာအဝေး၊ မြေအောက်အနက်ပေ မည်မျှတွင်လှုပ်သည် စသည့်အချက်များပေါ်တွင်မူတည်ကာ မြေငလျင်၏ ပြင်းအားနှင့်အပျက်အစီးတို့ဖြစ်ပေါ်လာရသည်။ မြေငလျင်ပြင်းအားသတ်မှတ်မှု ရစ်ချ်တာစကေး ၁ မှ ၄ ဒသမ ၉ အထိကို အင်အားအနည်းငယ်ရှိသော ငလျင်အဖြစ်သတ်မှတ်ပြီး ရစ်ချ်တာစကေး ၅ မှ ၅ ဒသမ ၉ အထိကို အင်အားအသင့်အတင့်အဖြစ် သတ်မှတ်ထားရာ ထိုအဆင့်တွင် အပျက်အစီး အနည်းငယ်ရှိနိုင်သည်။ ရစ်ချ်တာစကေး ၆ မှ ၇ ဒသမ ၅ အထိ အင်အားပြင်း ငလျင်အဖြစ် သတ်မှတ်ထားပြီး အပျက်အစီးများနိုင်သည်။ ရစ်ချ်တာစကေး ၇ ဒသမ ၆ မှအထက် ငလျင်ကြီးများမှာ အားအလွန်ပြင်းသော ငလျင်ကြီးများဖြစ်ပြီး ကြီးမားသည့် အပျက်အစီးများ ဖြစ်ပေါ်နိုင်သည်။

မြန်မာနိုင်ငံတွင် ပူတာအိုမှ မုတ္တမပင်လယ်ကွေ့အထိ ရှည်လျားသော စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီးရှိနေပြီး အဓိကမြို့ကြီးများမှာ အဆိုပါပြတ်ရွေ့ကြီးပေါ်၌ တည်ရှိနေကာ အခြားမြေငလျင်ကြောကြီးများအပါအဝင် စုစုပေါင်း ငလျင်ကြောကြီး ငါးခုရှိနေသည်။ မြန်မာ့သမိုင်းတစ်လျှောက်တွင် အင်အားပြင်းထန်သည့် ငလျင်ကြီးများလှုပ်ခတ်ခဲ့သည့် မှတ်တမ်းများရှိနေပြီး ပြတ်ရွေ့ကြောပေါ်တွင် တည်ရှိနေမှုနှင့် အတိတ်ကာလက လှုပ်ခဲ့သည့် ငလျင်မှတ်တမ်းများနှင့်ဆက်စပ်ကာ အနာဂတ်တွင် ငလျင်ကြီးများ လှုပ်ခတ်မှုကြုံတွေ့နိုင်သည့်အခြေအနေနှင့် ဖြစ်ပေါ်လာနိုင်သည့် ပြင်းအားတို့ကို ငလျင်ပညာရှင်တို့က ခန့်မှန်းမှုများရှိသော်လည်း ဖြစ်နိုင်ခြေခန့်မှန်းမှုများသာဖြစ်ပြီး မည်သည့်အချိန်၊ မည်သည့်ပြင်းအား စသည်ကိုမူ မည်သူမျှ အတိအကျခန့်မှန်းတွက်ချက်နိုင်ခြင်းမဟုတ်ပေ။ ငလျင်ဇုန်များ ဆိုသည်မှာလည်း ငလျင်ငယ်ကလေးများ ရက်ခြားလှုပ်နေတတ်သည့် ငလျင်ဇုန်မျိုးမှသည် ရာစုနှစ်ဝက်ခန့်ကြာမှ တစ်ကြိမ်လှုပ်တတ်သည့် ငလျင်ဇုန်မျိုးအထိ ရှိနေခြင်းဖြစ်သည်။

သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ရာတွင် မဖြစ်မီ၊ ဖြစ်ဆဲ၊ ဖြစ်ပြီးကာလတို့အတွက် သတိပေးနိုးဆော်မှု၊ ပညာပေးလေ့ကျင့်မှု၊ အရေးပေါ်တုံ့ပြန်မှု၊ ကူညီကယ်ဆယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတို့ဖြင့် ရင်ဆိုင်ကြရခြင်းဖြစ်ရာ နိုင်ငံသူ နိုင်ငံသားတို့၏ အရည်အချင်းပြည့်ဝမှု၊ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးမှုနှင့် လူသားစိတ်ဓာတ်တို့ဖြင့် သဘာဝဘေးအန္တရာယ်အပေါင်းကို ကျော်လွှားကြရမည်ဖြစ်ပါကြောင်း။ ။



# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမအစည်းအဝေး ဒုတိယနေ့ကျင်းပ

**ရန်ကုန် ဇူလိုင် ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ကောဒသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေဆဋ္ဌသံဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယအဖွဲ့ခွဲ၏ တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်အပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ ကလည်းကောင်း၊ သာသနာရေးဆောင်ရွက်ချက်များအပေါ် သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တစန္ဒ ကလည်းကောင်း၊ ပညာရေးဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသီဟာဘိဝံသ ကလည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြသည်။

ထို့နောက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီတွင် ရပ်နားသည်။

ယင်းနောက် အစည်းအဝေး ဒုတိယနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပခဲ့ပြီး ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ ကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တရကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအာစာရ ကလည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသက အတည်ပြုချက် ရယူသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များအားလုံးက ဇယန္တော ဗောဓိယာမူလေ အစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူပြီး သာဓုသုံးကြိမ် ခေါ်ဆိုကာ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ကောဒသမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား အလှူရှင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဝေဠုဝန် (ရွှေကျင်) ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့် ဒါယကာ ဒါယိကာမ ဓမ္မမိတ်ဆွေများက တေတ္တိံသတိမ (၃၃) ကြိမ်မြောက် တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့အတူ ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား ရွှေသံလွင်ကုမ္ပဏီနာယက၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါက်တာဒေါ်နီနီ (ရွှေသံလွင်ကုမ္ပဏီမိသားစု)က နဝကမ္မအလှူတော်ငွေကျပ် နှစ်သိန်းစီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **သတင်းစဉ်**

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်(နတ်မောက်)တို့ ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ အထူးပြပွဲ လေ့လာနိုင်

**နေပြည်တော် ဇူလိုင် ၅**

ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)နှင့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် (နတ်မောက်) တို့၌ ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် (၇၅) နှစ်မြောက် အာဇာနည်နေ့ အထူးပြပွဲသို့ သွားရောက်လေ့လာလိုသူများအနေဖြင့် https://register.generalaungsanmuseum.com/ သို့ ဝင်ရောက်၍ Online မှတစ်ဆင့် ကြိုတင်စာရင်းသွင်းနိုင်ပြီဖြစ်ပြီး Online Registration မှ လျှောက်ထားလာသူများသည် သီးခြားဝင်ပေါက်မှတစ်ဆင့် အချိန်ကြန့်ကြာမှုမရှိဘဲ ဝင်ရောက်လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှာစကားပြောကြားစဉ်။

❖ *ရှေ့ဖုံးမှ*

ထိုသို့ လေ့ကျင့်ဆောင်ရွက်နေမှုများအား ယနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### အရာရှိကြီးများက ကြိုဆို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် လေ့ကျင့်ခန်း ဆောင်ရွက်နေသည့် စစ်ရေယာဉ်များအား ကြည့်ရှုစစ်ဆေးရန် ဘင်္ဂလားပင်လယ်အော်အတွင်းရှိ စစ်ရေယာဉ် (မုတ္တမ) ပေါ်သို့ ရဟတ်ယာဉ်ဖြင့် ဆင်းသက်ရောက်ရှိရာ (Sea Shield-2022) လေ့ကျင့်လျက်ရှိသည့် ရေတပ်ဌာနချုပ်မှူး ဗိုလ်ချုပ် ထိန်ဝင်း၊ လေ့ကျင့်ခန်းကြီးကြပ်ရေးမှူး (Officer Scheduling Exercise-OSE) ဗိုလ်မှူးချုပ် ကျော်စိုးမိုး၊ တာဝန်ရေတပ်မမှူး ဗိုလ်မှူးချုပ် ကျော်လင်းဇော်နှင့် လေ့ကျင့်ခန်းတွင် ပါဝင်ကြသည့် အရာရှိကြီးများက ကြိုဆိုကြသည်။

### အကျိုးရှိရှိ အသုံးချနိုင်ရမည်

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ် (ရေ) က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှာကြားချက်နှင့်အညီ စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှု လေ့ကျင့်ခန်း (Sea Shield-2022) ကို လေ့ကျင့်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် ရေပြင်သွား စစ်ရေယာဉ်များ၊ ရေငုပ်သင်္ဘောများနှင့် ရဟတ်ယာဉ်များအပါအဝင် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်ရေး လေ့ကျင့်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်၏ ပိုင်နက်နယ်မြေအားလုံးကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်သည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိအမြဲရှိနေရမည်ဖြစ်ကြောင်း၊ ဖြစ်ပေါ်လာနိုင်သည်မှန်သမျှကို ကာကွယ်ရေးအမြင်ဖြင့် ကြိုတင်မျှော်တွေးပြီး သတင်းမပြတ်ဖော်ထုတ်ရန်နှင့် ရရှိလာသည့် သတင်းအချက်အလက်များကိုလည်း အကျိုးရှိရှိ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ လေ့ကျင့်ခန်းများမှတစ်ဆင့် သင်ခန်းစာဖော်ထုတ်ပြီး နောင်အနာဂတ် ရေတပ်အတွက် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သည်များကို ဖော်ထုတ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်မည့် စစ်ရေယာဉ်များမှ ရှေ့နောက်တန်း ပုံပြုပုံစံ (Single Line Formation) ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြု ချီတက်မောင်းနှင်အလေးပြုကြသည်။

**○ နိုင်ငံတော်၏ ပိုင်နက်နယ်မြေအားလုံးကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်သည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိ အမြဲရှိနေရမည်**

**○ ဖြစ်ပေါ်လာနိုင်သည်မှန်သမျှကို ကာကွယ်ရေးအမြင်ဖြင့် ကြိုတင်မျှော်တွေးပြီး သတင်းမပြတ်ဖော်ထုတ်ရန်နှင့် ရရှိလာသည့် သတင်းအချက်အလက်များကိုလည်း အကျိုးရှိရှိ အသုံးချနိုင်ရမည်**

**○ ယခုကဲ့သို့ လေ့ကျင့်ခန်းများမှတစ်ဆင့် သင်ခန်းစာဖော်ထုတ်ပြီး နောင်အနာဂတ်ရေတပ်အတွက် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သည်များကို ဖော်ထုတ်ဆောင်ရွက်သွားကြရမည်**

### လေ့ကျင့်ခန်းဆောင်ရွက်

ယင်းနောက် VBSS လေ့ကျင့်ခန်းအနေဖြင့် စစ်ရေယာဉ်များ လေ့ကျင့်ခန်းဧရိယာသို့ ခုတ်မောင်းနေစဉ် မြန်မာ့ရေပိုင်နက်အတွင်း ရောက်ရှိဖြတ်သန်းခုတ်မောင်းနေသည့် သံသယဖြစ်ဖွယ် ပြည်ပကုန်သွယ်ရေယာဉ်တစ်စင်းအား ထောက်လှမ်းတွေ့ရှိသဖြင့် စစ်ရေယာဉ် (မုတ္တမ) မှ ROE အရ ရေယာဉ်ဆိုင်ရာ အချက်အလက်များ မေးမြန်းခြင်းနှင့် ရပ်တန့်အစစ်ဆေးခံရန် ဆက်သွယ်ဆောင်ရွက်ခဲ့ရာ ရပ်တန့်မှုမရှိသဖြင့် တက်ရောက်၊ စီးနင်း၊ ရှာဖွေ၊ ဖမ်းဆီးမှု Procedure များအတိုင်း လေ့ကျင့်ဆောင်ရွက်သည်။ ထို့နောက် သံသယဖြစ်ဖွယ် ပြည်ပကုန်သွယ်ရေယာဉ်အား တပ်မတော်(ရေ) အထူး တပ်ဖွဲ့ဝင်အရာရှိ/စစ်သည်များက Anchor Launcher အသုံးပြု၍ ရေယာဉ်ပေါ်သို့ တက်ရောက်စီးနင်းရှာဖွေဖမ်းဆီးခြင်း (Visit, Board, Search And Seizure) VBSS လုပ်ငန်းစဉ်များအတိုင်း စာရွက်စာတမ်းများအား စစ်ဆေးခြင်း၊ ရေယာဉ်အမှုထမ်းများအား မေးမြန်းစစ်ဆေးခြင်း၊ လူနေခန်း၊ ကုန်တင်ခန်းနှင့် စက်ခန်းစစ်ဆေးခြင်းများ အဆင့်ဆင့် ဆောင်ရွက်ကြပြီး စစ်ဆေးချက်များအရ ယင်းရေယာဉ်သည် တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါ ကုန်သွယ်ရေယာဉ်အား တပ်မတော် (ရေ) အထူးတပ်ဖွဲ့ဝင်များမှ ဖမ်းဆီးထိန်းသိမ်းခြင်း လေ့ကျင့်ခန်းကို ဆောင်ရွက်ကြသည်။

ဆက်လက်ပြီး လေ့ကျင့်ခန်း အစီအစဉ်အတိုင်း ဖရီးဂိတ်စစ်ရေယာဉ် (ဆင်ဖြူရှင်) နှင့် ဖရီးဂိတ်စစ်ရေယာဉ် (ကျန်စစ်သား) တို့က ရေငုပ်သင်္ဘောအား ပူးပေါင်းထောက်လှမ်းရှာဖွေခြင်း လေ့ကျင့်ခန်း CASEX A-2 အား ဆက်လက်ဆောင်ရွက်သည်။ ယင်းနောက် ရေပြင်ရန်ကာကွယ်ရေး စစ်ဆင်မှုဇုန်အတွင်း ရန်သူ့ရေပြင် ပစ်မှတ်များအား ပစ်ခတ်တိုက်ခိုက်ချေမှုန်းရန်အတွက် မိမိရေယာဉ်အုပ်အား Battle Line Formation သို့ ပြောင်းလဲခုတ်မောင်းခြင်းများ

*စာမျက်နှာ ၄ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၃ မှ*

ဆောင်ရွက်ပြီး ရေတပ် အမြောက်ကြီးများ၊ စက်သေနတ်ကြီးများဖြင့် ရန်သူ့ရေပြင်ပစ်မှတ်များအား အပြီးတိုင်ပစ်ခတ်တိုက်ခိုက် ချေမှုန်းခြင်း လေ့ကျင့်ခန်းအား ဆက်လက်ဆောင်ရွက်ကြသည်။

ထိုသို့ ရေငုပ်သင်္ဘောရန် ကာကွယ်မှုစစ်ဆင်ရေးနှင့် ရေငုပ်သင်္ဘော စစ်ဆင်ရေးများ လေ့ကျင့်ဆောင်ရွက်ပြီး ရေပေါ်ရေအောက် ရန်သူ့ပစ်မှတ်များအား Torpedo များဖြင့်လည်းကောင်း၊ ရေတပ်အမြောက်ကြီးများဖြင့်လည်းကောင်း၊ စက်သေနတ်ကြီးများဖြင့်လည်းကောင်း လက်တွေ့လေ့ကျင့်သုံးဘက်မြင် စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့် ရေတပ် (Three Dimensional Combat Ready Navy) ထိ ဖြစ်လာခဲ့ပြီဖြစ်ကြောင်း၊ ယခင်နှစ်က တိုက်ခိုက်ရေးရေငုပ်သင်္ဘော စစ်ရေယာဉ်တစ်စင်းသာ ပါဝင်နိုင်ခဲ့သော်လည်း ယခုလေ့ကျင့်ခန်းတွင် အမျိုးအစားမတူ ရေငုပ်သင်္ဘောနှစ်စင်းအထိ ပါဝင်လေ့ကျင့်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကြီးမားသည့် လေ့ကျင့်ရေး အတွေ့အကြုံများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ကမ်းရိုးတန်း အရှည်သည် မိုင်ပေါင်း ၁၃၀၀ ခန့်ရှိပြီး ရေပြင်ပိုင်နက်အနေဖြင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တိုက်ခိုက်ရေး ရေငုပ်သင်္ဘော စစ်ရေယာဉ် အပါအဝင် စစ်ရေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှု လေ့ကျင့်ခန်း (Sea Shield–2022) လေ့ကျင့်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။





ပစ်ခတ်မှုများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်ရေယာဉ် (မုတ္တမ)ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က လေ့ကျင့်ခန်းတွင် ပါဝင်သည့် အရာရှိ၊ စစ်သည်များအား အမှာစကားပြောကြားရာ တိုက်ခိုက်ရေး ရေငုပ်သင်္ဘောစစ်ရေယာဉ် (မင်းရဲသိခ်သူ)၊ တိုက်ခိုက်ရေးရေငုပ်သင်္ဘော စစ်ရေယာဉ် (မင်းရဲကျော်ထင်)နှင့် စစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များသည် စစ်ရေယာဉ် (မုတ္တမ) ပေါ်၌ တက်ရောက်မိန့်ခွန်းနာခံကြသည်။

**ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ရေတပ်လေ့ကျင့်ခန်းများကို ၂၀၀၉ ခုနှစ်တွင် ရေပြင်၊ ဝေဟင် ပူးပေါင်းစစ်ဆင်ရေး လေ့ကျင့်ခန်းအဖြစ် စတင်လေ့ကျင့်ဆောင်ရွက်ခဲ့ပြီး တစ်နှစ်ပြီးတစ်နှစ် တိုးတက်ကောင်းမွန်လာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ တစ်နှစ်ထက်တစ်နှစ် စစ်ရေယာဉ်များ ပြည့်စုံလာသည်သာမက လေ့ကျင့်ခန်းလုပ်ဆောင်ရသည့် သဘောသဘာဝများလည်း ပိုမိုပြည့်စုံလာခဲ့သည်ကို တွေ့ရှိရကြောင်း၊ လေ့ကျင့်ခန်းများ ဆောင်ရွက်စေခြင်းသည် မိမိတို့ကြုံတွေ့လာရနိုင်သည့် စစ်မြေပြင်နှင့် အသားကျဖြစ်စေရေးနှင့် မိမိတို့၏ ယာဉ်ယန္တရားများ၊ လက်နက်များ၏ စွမ်းပကားများကို လက်တွေ့ကျကျ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်စေရန်ဖြစ်ကြောင်း၊ လေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်ကြသူများ၏ စွမ်းရည်၊ စိတ်ဓာတ်များ ကောင်းမွန်မှသာလျှင် လေ့ကျင့်ခန်းတစ်ခုသည်လည်း အောင်မြင်မည်ဖြစ်ကြောင်း၊ ရေတပ်လေ့ကျင့်ခန်းများကို ယခင်က ရေပြင်၊ ဝေဟင် ပူးပေါင်းစစ်ဆင်ရေး အသွင်ဖြင့်သာ လေ့ကျင့်ဆောင်ရွက်နိုင်ခဲ့သော်လည်း ယခုအခါတွင် စတုရန်းမိုင်ပေါင်း ၁၄၄၀၀၀ ကျော် ကျယ်ဝန်းသဖြင့် ကျယ်ပြောလှသည့် ရေပြင်ပိုင်နက်နယ်နိမိတ်ကို စိုးမိုးနိုင်ရန်မှာ တပ်မတော် (ရေ) တစ်ခုတည်းဖြင့် ဆောင်ရွက်၍ ရနိုင်မည်မဟုတ်ကြောင်း၊ လက်ရှိအခြေအနေတွင် တပ်မတော် (ရေ) ကို ပထမအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင်သီးသန့်စီးပွားရေးဇုန်ကို အပြည့်အဝ ကာကွယ်နိုင်ရေး သုံးဘက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့် ရေတပ် (Three Dimensional Combat Ready Navy) အဖြစ် မျှော်မှန်း ဆောင်ရွက်လျက်ရှိကြောင်း။

တိုက်စွမ်းအားရှိသည့် ရေတပ်ဖွဲ့ဖြစ်ရန်အတွက် တပ်မတော် (ကြည်း) တွင် မြဲသုံးမြဲ ရှိသကဲ့သို့ တပ်မတော် (ရေ) တွင်လည်း စစ်ရေယာဉ်များ အသင့်ဖြစ်ရမည်၊ လက်နက်နှင့် လက်နက်စနစ်များ အသင့်ဖြစ်ရမည်၊ ရေတပ်သားများ အသင့်ဖြစ်ရမည်ဟူသည့် အသင့်ဖြစ်မှု ၃ ရပ်နှင့် ပြည့်စုံရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်ဆင်ရေး နယ်ပယ် ၃ ရပ်လုံးတွင် စစ်ဆင်နိုင်စွမ်းရှိသည့် စစ်ရေယာဉ်များ ရှိနေရုံဖြင့်မရဘဲ ယင်းစစ်ရေယာဉ်များကို တိုက်ပွဲဝင်အသင့်ဖြစ်ရေးအတွက် အမြဲတမ်း ပြင်ဆင်လေ့ကျင့်နေကြရန် လိုအပ်ပြီး အသင့်ဖြစ်မှု ၃ ရပ်ကို မမေ့မလျော့ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် လေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အရာရှိ၊ စစ်သည်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ရာ တာဝန်ရေတပ်မမှူးက လက်ခံရယူသည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ် (ရေ) က စစ်နည်း ဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း (Sea Shield – 2022) ဂုဏ်ပြုအထိမ်းအမှတ် တံဆိပ်အား ပေးအပ်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ရေယာဉ် (မုတ္တမ) ပေါ်မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားသည်။

နောက်ဆက်တွဲ လေ့ကျင့်ခန်းများအနေဖြင့် တိုက်ပွဲပြီးပြန်လည် သုံးသပ်ခြင်း (Battle Damage Assessment) လေ့ကျင့်ခန်း၊ ပင်လယ်ပြင် ထောက်ပံ့ဖြည့်တင်းခြင်း (RAS) လေ့ကျင့်ခန်း၊ မီးငြိမ်းသတ်ခြင်းနှင့် ပျက်စီးထိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း (Fire Fighting and Damage Control) လေ့ကျင့်ခန်း၊ ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ခြင်း (Search and Rescue) လေ့ကျင့်ခန်း၊ ပင်လယ်ပြင် တွဲဆွဲခြင်း (Towing) လေ့ကျင့်ခန်းများအား ဆက်လက်ဆောင်ရွက်ကြသည်။

ယနေ့ပြုလုပ်ခဲ့သည့် စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှု လေ့ကျင့်ခန်း (Sea Shield – 2022) ကို တပ်မတော် (ရေ) နှင့် တပ်မတော် (လေ) မှ ရဟတ်ယာဉ်များ၊ ရေငုပ်သင်္ဘော စစ်ရေယာဉ်များနှင့် ဖရီးဂိတ် စစ်ရေယာဉ်ကြီးများအပါအဝင် စစ်ရေယာဉ် (၂၀) ဖြင့် လေ့ကျင့်ခန်းနယ်မြေတွင် မုတ်သုံရာသီကာလ ရာသီဥတုဆိုးရွားနေသည့်ကြားမှ အောင်မြင်စွာ လေ့ကျင့်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အရာရှိ၊ စစ်သည်များအတွက် အမှတ်တရလက်ဆောင်များ ပေးအပ်စဉ်။

# ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (C)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲတွင် အုပ်ချုပ်သူများနှင့် အားကစားသမားများကို လိုက်လံနှုတ်ဆက်စဉ်။

**နိုင်ငံ့ဂုဏ်ဆောင်ပေးနိုင်**

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိပြည်သူလူထုများ ပိုက်ကျော်ခြင်း အားကစားနည်းကို စိတ်ပါဝင်စားလာစေရန်၊ ပြိုင်ပွဲဝင် အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်စေရန်၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊ မြန်မာ့ပိုက်ကျော်ခြင်း အားကစား အဆင့်အတန်း တိုးတက် မြင့်မားလာစေရေးကို အထောက်အကူပြုစေရန် နှင့် မျိုးဆက်သစ် ပိုက်ကျော်ခြင်း အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ယခုပြိုင်ပွဲကို ကျင်းပရခြင်း ဖြစ်ကြောင်း။

ပိုက်ကျော်ခြင်း အားကစားနည်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားစွာ ကစားနေသည့် အားကစားနည်းဖြစ်ပြီး အာရှအားကစားပြိုင်ပွဲနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင်လည်း နိုင်ငံ့ဂုဏ်ဆောင်ပေးနိုင်ခဲ့သည့် အားကစားနည်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်၏ "အဖိုးနည်းဝန်ပါသင်ကျန်းမာဖို့ ပိုက်ကျော်ခြင်းကစားကြစို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကျန်းမာရေးအတွက်ဖြစ်စေ၊ အားကစားအတွက်ဖြစ်စေ လေ့ကျင့်ယှဉ်ပြိုင် ကစားနိုင်သည့် အားကစားနည်းလည်း ဖြစ်ကြောင်း။




၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**ဝိုင်းဝန်းကြိုးပမ်း**

ပိုက်ကျော်ခြင်း အားကစားနည်းဖြင့် နိုင်ငံတော်အတွက် အာရှနှင့်အရှေ့တောင် အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၂၀၊ ငွေတံဆိပ် ၂၃ ခုနှင့် ကြေးတံဆိပ် ၃၂ ခု စုစုပေါင်း ဆုတံဆိပ် ၇၅ ခု ရယူပေးနိုင်ခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း ရွှေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် သုံးခုတို့ကို ရရှိကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ပါကြောင်း၊ အာရှအဆင့်နှင့် အရှေ့တောင်အာရှအဆင့် အားကစားပြိုင်ပွဲများတွင် ဆက်လက်အောင်မြင်မှုများရရှိစေရန် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားသမားများက ဆတက်ထမ်းပိုးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း။

ယနေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမား မောင်/ မယ်များက မိမိတို့ကိုယ်စားပြု ယှဉ်ပြိုင်ကြမည့် အသင်း အောင်နိုင်ရေးအတွက် မိမိတို့၏ အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် အနိုင်မခံအရှုံးမပေး အကောင်းဆုံးပါဝင်ယှဉ်ပြိုင်စေလိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် မြန်မာ့လက်ရွေးစင်အသင်းကို အင်အားဖြည့်တင်းနိုင်မည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား ကောင်းများပေါ်ထွက်လာစေရေး ကြိုးစားကြရန် တိုက်တွန်းပြောကြားပြီး ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာဓိဋ္ဌာန် (၄) ချက်ကို ရွတ်ဆိုကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်း အုပ်ချုပ်သူများနှင့် အားကစားသမားများကို လိုက်လံနှုတ်ဆက်ကြပြီး ယနေ့ ပြိုင်ပွဲ ပွဲစဉ်အဖြစ် အမျိုးသား (၃)ယောက်တွဲ အသင်းလိုက်ပြိုင်ပွဲ၊ ပွဲစဉ် (၁) တွင် မွန်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ပွဲစဉ်(၂)တွင် ရခိုင်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်း၊ ပွဲစဉ်(၃)တွင် နေပြည်တော်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇူလိုင် ၅ ရက်မှ ၁၅ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)၌ နေ့စဉ် နံနက် ၈ နာရီမှစတင်၍ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်းနှင့် အမျိုးသမီးအသင်း ၁၃ သင်းတို့မှ ပြိုင်ပွဲဝင်အားကစားသမား ၃၆၈ ဦးတို့သည် အမျိုးသား (၂) ယောက်တွဲ၊ (၃) ယောက်တွဲ အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး (၂) ယောက်တွဲ၊ (၃) ယောက်တွဲ အဖွဲ့လိုက် ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြမည် ဖြစ်သဖြင့် ပိုက်ကျော်ခြင်း အားကစားနည်းကို စိတ်ပါဝင်စားသည့် ပြည်သူများအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်ဆည်မြို့နယ်၌ မိုးနေကြာစိုက်တောင်သူများအား ပံ့ပိုးပစ္စည်းများ ထောက်ပံ့ပေးအပ်

**ကျောက်ဆည် ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ မိုးနေကြာစိုက်တောင်သူများအား ပံ့ပိုးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းနှင့် နေကြာမျိုးစေ့ထုတ်နည်းပညာပေးသင်တန်းကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကနေဒီထွန်းက နေကြာမျိုးကောင်း မျိုးသန့်ရရှိရေးအတွက် စိုက်နည်းစနစ် မှန်ကန်ရန်လိုအပ်ပြီး သွင်းအားစုများကိုလည်း ပြည့်ဝစွာ စနစ်တကျသုံးစွဲရန်လိုကြောင်း၊ လုံလောက်သည့်သွင်းအားစုများ သုံးစွဲနိုင်ရေးအတွက် တောင်သူများကို ပုလဲမြေဩဇာနှင့် ရွက်ဖျန်းမြေဩဇာများ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ မျိုးစေ့ထုတ်တောင်သူများ၏ မျိုးကောင်းမျိုးသန့်များကို ပြန်လည်ဝယ်ယူပြီး ဆောင်းနေကြာစိုက်တောင်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မျိုးစေ့ထုတ်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့ထုတ်နည်းစနစ်များကို လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ တောင်သူ ၄၅ ဦး၏ ဧက ၂၀၀ အတွက် မျိုးစေ့၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးနှင့် ရွက်ဖျန်းမြေဩဇာများကို ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**

ကျောက်ဆည်မြို့နယ်တွင် ဆောင်းနေကြာစိုက်ပျိုးရန် ဧက ၁၅၀၀၀ ကျော် လျာထားပြီး မျိုးစေ့ရရှိရန်အတွက် ယခုနှစ်မိုးနေကြာ ဧက ၂၀၀ ကျော် စိုက်ပျိုးထားကြောင်း သိရသည်။ **မောင်ကျော်ကြီး**



# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဇူလိုင် ၅

**ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ်ရှိ သုခဝတီအိမ်ရာ စီမံကိန်း ဧရိယာအတွင်း၌ ကျင်းပသည်။**



ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက သတ်မှတ်နေရာတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ် ကံ့ကော်ပင်ကို ဦးဆောင်စိုက်ပျိုးသည်။ **(ယာပုံ)**

ထို့နောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်တို့က သတ်မှတ်နေရာများတွင် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အသင်းချုပ်(၃)သင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီးတွင် ကံ့ကော်ပင်၊ ခရေပင်၊ စိန်ပန်းပင်၊ ကုက္ကိုပင်၊ ပိတောက်ပင်၊ ငုပင်နှင့် ကျွန်းပင်တို့ကို စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် အသင်းချုပ် (၃) သင်းမှ ဝန်ထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးပေးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ် သုခဝတီအိမ်ရာစီမံကိန်းရှိ ပြည်သူ့အငှားအိမ်ရာ ဧရိယာအတွင်း၌ ကံ့ကော်၊ ခရေ၊ စိန်ပန်းကြီး၊ စိန်ပန်းလေး၊ ကုက္ကို၊ ငု၊ ပိတောက်၊ ကျွန်းပင်၊ အရိပ်ရပင်၊ ပန်းအလှပင် စုစုပေါင်း အပင် ၅၀၀ ကို စိုက်ပျိုးပေးခဲ့ပြီး အလားတူ ရန်ကုန်နှင့် မန္တလေးမြို့ရှိ ပြည်သူ့အငှားအိမ်ရာ စီမံကိန်းများတွင်လည်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး အစိုးရအဖွဲ့တို့နှင့် ပူးပေါင်းပြီး သစ်ပင်များ စိုက်ပျိုးပေးလျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၂ ခုနှစ် မိုးရာသီကာလအတွင်း တစ်နိုင်ငံလုံး အတိုင်းအတာနှင့် လမ်းဦးစီးဌာနပိုင် လမ်းမကြီးများ၏ လမ်းဘေး ဝဲ / ယာတွင် အရိပ်ရပင်၊ လေကာပင်နှင့် ကျွန်းပင်များ စိုက်ပျိုးပေးနိုင်ရေးအတွက် သစ်တောဦးစီးဌာနနှင့် တိုင်းဒေသကြီး / ပြည်နယ် လမ်းဦးစီးဌာနတို့ ညှိနှိုင်းပူးပေါင်း၍ အပင်ပေါင်း ၇၇၂၀၀ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်

**နေပြည်တော် ဇူလိုင် ၅**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော် စည်ပင်သာယာရေး ကော်မတီ မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ ကျင်းပသည်။




ရှေးဦးစွာ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာ မောင်မောင်နိုင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် မြို့တော်ဝန် ဒေါက်တာ မောင်မောင်နိုင်က ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသူ မအိမ့်သည်းဦးကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်ပြီး (ဝဲပုံ) ဒုတိယမြို့တော်ဝန် ဦးမောင်မောင်က ငါးဘာသာဂုဏ်ထူးရရှိသူတစ်ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ တစ်ဦးနှင့် နှစ်ဘာသာ ဂုဏ်ထူးရရှိသူ နှစ်ဦးကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများက နှစ်ဘာသာ ဂုဏ်ထူးရရှိသူ တစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရရှိသူ ကိုးဦးနှင့် ရိုးရိုးအောင်မြင်သူ ၂၀ ကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မအိမ့်သည်းဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာ မောင်မောင်နိုင်၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် တာဝန်ရှိသူများက ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေစနစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်

**နေပြည်တော် ဇူလိုင် ၅**

ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေး ကော်မတီ၏ (၃/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၄) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ကော်မတီဝင်များ ဖြစ်ကြသည့် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။





အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေသည် ရေရှည်ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ယခင်နိုင်ငံတော်သမ္မတရုံးမှ ဖွဲ့စည်းပေးခဲ့သော ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေး ကော်မတီကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ကော်မတီအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ပင်စင်စနစ်ဖြစ်ပေါ်လာစေရန် ရည်ရွယ်ပြီး ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေစနစ် အကောင်အထည်ဖော်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဆက်လက်ဆောင်ရွက်ရန် ကိစ္စများ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်သည့် ကိစ္စများ၊ ဥပဒေကြမ်းရေးဆွဲရေး၊ ရန်ပုံငွေစနစ် ကျင့်သုံးမည့်ပုံစံတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ဆက်လက်ညှိနှိုင်းဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေအကောင်အထည်ဖော်ရေးကော်မတီ အတွင်းရေးမှူး၊ ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲညွှန့်က ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေအကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းရေးဆွဲပြီးစီးမှုနှင့် ကျင့်သုံးသည့်ပုံစံများကို ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များကလည်း ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး အကြံပြုဆွေးနွေးချက်များအပေါ် ကော်မတီဥက္ကဋ္ဌက သုံးသပ်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေး ကော်မတီကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ် မတ် ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇၁/၂၀၂၁ ဖြင့် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ သက်ဆိုင်ရာဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ ပါဝင်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်ခံစားခွင့်များနှင့် စပ်လျဉ်း၍ ရေရှည်တည်တံ့ခိုင်မြဲပြီး အားကိုးအားထားပြုနိုင်သည့် ပင်စင်ရန်ပုံငွေစနစ်တစ်ရပ်ကို ထူထောင်ရန် ဆက်လက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## စိန်ရတုနဲ့ ငြိမ်းချမ်းရေး

❖ “စိန်” စီသောလမ်း
ရတနာပြည့်လျှမ်းတဲ့ ပန်းတိုင်
စိတ်ကျည်ခိုင် စွဲကိုင်ထား၊
တုမမီ နှိုင်းမရ
လှတဲ့ပန်းချီကား။

❖ ရတာလည်းလို လိုတာလည်းရ
နှစ်နှစ်ကာကာ မေတ္တာနှင်းလို့
တိုင်းရင်းဆွေ ညီအစ်ကိုသွေးနဲ့
အတူနေ မောင်နှမအရေးမို့
အေးအတူ ပူအမျှ
ချစ်ခြင်းထာဝရ။

❖ တုနှိုင်းမမီ ပန်းချီကား
ညီနောင်များ အတူဝင်ပါ၊
ခြယ်သူခြယ် သသူသ
ညီကြစေရာ၊
ငြိမ်းချမ်းမှု ပြည်သာ
ပြည်သာမှုတိုးတက်။

❖ ငြိမ်းချမ်းရေး ပန်းချီကား
ကြွားဝင့်ပျံလျက်။
တွဲလက်မြဲ သွေးစည်းကာ
ညီညာလို့ အောင်မြင်ခဲ့။
နောင်အရှည် ပြည်ခပ်သိမ်း
ငြိမ်းချမ်းမယ်ကွဲ့။

❖ တို့ဘိုးဘွား အမိမြေ
အေးချမ်းစေ ရင်ချင်းအပ်
လုံခြုံစေ ကျောချင်းကပ်။
ချစ်ခြင်းမပြယ် လက်တွဲမပျက်
လှမ်းဆက်မပြတ်။

❖ ရေးဆွဲခဲ့ ပြည်ထောင်စုပန်းချီ
သွေမဖည် ရှေ့သို့ဆက်။
လန်းတဝေဝေ
မန္တမ်းမကြေ ညီညာလှမ်း
ငြိမ်းချမ်းရေးအသက်။

စန်းထွန်း(ညောင်လေးပင်)

## အောင်မြေသာစံမြို့နယ် မန္တလေးတောင်တော် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးနှင့် အရံစေတီတော်လေးဆူတို့အား လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်း၊ ထီးတော်တင်လှူပူဇော်



**နေပြည်တော် ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မန္တလေးတောင်တော် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးနှင့် အရံစေတီတော်လေးဆူတို့အား လုံးတော်ပြည့် ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းပြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် အထွတ် တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင် မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၌ ပြုလုပ်ရာ နိုင်ငံတော် ဩဝါဒါစရိယ မြတောင်ကျောင်းတိုက် အဓိပတိမဟာနာယက သမ္မတ စာချကျောင်း ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တအင်္ကုရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ် သူရိန်ထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက မြတောင်ကျောင်းတိုက်ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သံဃာတော်များထံ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေသင်္ကန်း ဆက်ကပ် လှူဒါန်းရန်အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ ထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒါယကာ၊ ဒါယိကာမများက စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်ကာ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းကြပြီး စေတီတော် အထွတ်သို့ တင်လှူပူဇော်ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ သံဃာတော်များက မန္တလေးတောင်တော် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ဗုဒ္ဓါဘိသိတ်သွန်းလောင်းတော်မူကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## (၇၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား လေ့ကျင့်ပြင်ဆင်နေမှုများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၅**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ အခမ်းအနား ကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများသည် ယနေ့ နံနက် ၇ နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်ဗိမာန်တွင် ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကြိုတင်ပြင်ဆင် လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အလေးပြု အခမ်းအနား သရုပ်ပြ လေ့ကျင့် ပြင်ဆင်နေမှုများ၊ အာဇာနည်ဗိမာန်တွင် ကျင်းပမည့် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်လာမည့် အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ မိသားစုများကို တွေ့ဆုံမည့်ခန်းမနှင့် အာဇာနည်ဗိမာန် ပြင်ဆင်ထားရှိမှုများ ကြည့်ရှုစစ်ဆေးပြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် အများပြည်သူကို ဝင်ကြေးအခမဲ့ဖြင့် ပြသနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံးဟောင်း)တွင် နိုင်ငံတော်အလံလွှင့်တင်၍ သတ်မှတ်သည့်အချိန်တွင် တိုင်တစ်ဝက်လွှင့်ထူသည့် အခမ်းအနားနှင့် အများပြည်သူကို ဖွင့်လှစ်ပြသနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရုံး (မြို့တော်ခန်းမ)တွင် ဆွမ်းဆက်ကပ်မည့်နေရာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အခမ်းအနား ကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အခမ်းအနား ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က (၇၅) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ကျင်းပရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆပ်ကော်မတီများက ကြိုတင်ပြင်ဆင် ဆောင်ရွက်ပြီးစီးမှုများကို အနီးကပ် ကြီးကြပ်မှုပေးနိုင်ရန်နှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရန် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားပြီး တက်ရောက်လာကြသူများက ရှင်းလင်းဆွေးနွေးတင်ပြသည်။



**ကျော်ဆန်းမြင့်**

❍ *ကျောဖုံးမှ*

ပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသား ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေး အတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေး လုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံ ပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများ အနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည် ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများ၊ လူငယ်လူရွယ်များတို့သည် တိုင်းရင်း သား လက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများ သည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်း မရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသ အချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရ သည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ် များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ် အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စု များနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင် ခြိမ်းခြောက် ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ် အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေး အတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်း များ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ် သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝ တွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# (၇) ကြိမ်မြောက် မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာ



**နေပြည်တော် ဇူလိုင် ၅**

(၇)ကြိမ်မြောက် မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရပ်ဆုတ်ခွန်း၊ လာအိုဒုတိယဝန်ကြီး ချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆလမ်မု ဆေကိုမာဆစ်တို့ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့များသည် ယနေ့နံနက်ပိုင်းတွင် ပုဂံမြို့ရှိ ညောင်ဦးလေဆိပ်မှ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးအောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (ဓာတ်ပုံ)

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ ၏ အထူးကိုယ်စားလှယ် မစ္စတာ ပရပ်ဆုတ်ခွန်းသည် ယနေ့ နံနက်ပိုင်း တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ နိုင်ငံခြားရေး ဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်းက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

သတင်းစဉ်

❊ *ကျောဖုံးမှ*

ထို့နောက် ပေါင်စန်းပြည်နယ်ခွဲ ဒုတိယအုပ်ချုပ်ရေးမှူး Mr. Cheng Dejun က လှူဒါန်းရခြင်း အကြောင်းရင်းကို ရှင်းလင်း ပြောကြားပြီး မြန်မာကောင်စစ်ဝန်ချုပ် ဦးသော်တာအောင်က ကျေးဇူးတင်စကား ပြောကြား သည်။

အဆိုပါ ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ကုသရေး အထောက် အကူပြုပစ္စည်းများကို ကချင် ပြည်နယ်သို့ နယ်စပ်ဂိတ်မှ တစ်ဆင့် မော်တော်ယာဉ်များဖြင့် ပို့ဆောင်သွားမည် ဖြစ်ကြောင်း သိရှိရသည်။ သတင်းစဉ်

**အိမ်ပြင်ပ၌ထွန်းသော**
**မီးများကို**
**နေ့အလင်းရောင်ရှိချိန်တွင်**
**ပိတ်ထားခြင်းဖြင့်**
**လျှပ်စစ်ကို ချွေတာပါ**

# မြောင်းမြ၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲ ကျင်းပ

**မြောင်းမြ ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကြာဖူးငုံလက်ပံကျေးရွာရှိ ကွင်းအမှတ် ၂၀၈/၁၅၈၉(က)၊ ဦးပိုင်အမှတ်(၂၃) တောင်သူ ဦးမြင့်သန်း ၏ လယ်မြေတွင် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၃၈) စက်မှုလယ်ယာ စခန်းမှ မိုးရာသီကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

သရုပ်ပြပွဲကို မြောင်းမြခရိုင် ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနော်မိုင်လှကြည်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူ လယ်သမားများ တက်ရောက်ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီး ဌာနမှူး ဦးမျိုးမြင့်ဦး၊ မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းဝင်းတို့က ကောက်စိုက် စက်၏ စက်မှုဆိုင်ရာ အချက်အလက်များနှင့် ကောက်စိုက်စက် အသုံးပြုစိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို တက်ရောက်လာသည့် တောင်သူများအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သရုပ်ပြမှုကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲတွင် တနင်္သာရီရေတပ်စခန်းဌာနချုပ်အသင်းက တံခွန်စိုက်ဒိုင်းဆုရရှိ

**နေပြည်တော် ဇူလိုင် ၅**

၂၀၂၂ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ဘော်လီဘော ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီရေတပ် စခန်းဌာနချုပ်ရှိ သီဟသူရထွန်းတင်ခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေး ဦးစီးချုပ်(ရေ)ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် အေးမင်းထွေးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြ သည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဌာနချုပ်မှူးက အမှာ စကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင် အသင်းများ၏ ဗိုလ်လုပွဲ ပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေး ကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုး အစားအလိုက် တစ်ဦးချင်း ဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော တနင်္သာရီရေတပ်စခန်းဌာနချုပ် အသင်းတို့ အား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဌာနချုပ်မှူးနှင့်အဖွဲ့ဝင်များက တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။



အဆိုပါ ဘော်လီဘောပြိုင်ပွဲကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာန ချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၃ သင်းဖြင့် ဇွန် ၂၇ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ဝန်ပြန်ကျေးရွာက ဝါးအသက်မွေးဝမ်းကျောင်းပညာသင်တန်း

မြင့်စိုး(နတလ)

ပြည်ထောင်စုဝန်ကြီး တက်ရောက်ဖွင့်လှစ်ပြီးခဲ့သည့်ဇွန် ၃၀ ရက် နံနက်ပိုင်း၌ သင်တန်းဖွင့်ပွဲအခမ်းအနားတစ်ခု တက်ရောက်လေ့လာခွင့်ရခဲ့သည်။ နေပြည်တော် ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စု ဝန်ပြန်ကျေးရွာတွင် ဖွဲ့စည်းထားသော ဘမ်ဘူးဝါးကုန်ထုတ် သမဝါယမအသင်း၏ ဝါးလက်မှုပညာသင်တန်းဖွင့်ပွဲအခမ်းအနားဖြစ်သည်။ အခမ်းအနားတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အမှာစကားပြောကြားရာ၌ နေပြည်တော်နှင့် ပတ်ဝန်းကျင်ဒေသများတွင် ဝါးများပေါများစွာ ပေါက်ရောက်နေကြောင်း၊ ဒေသခံများအနေဖြင့် ဝါးကို အကျိုးရှိရှိအသုံးချတတ်ဖို့လိုကြောင်း၊ သစ်တောသစ်ပင်များ မပြုန်းတီးစေရေးအတွက် ဝါးအစားထိုး အသုံးပြုနိုင်သည့်နေရာများတွင် အသုံးပြုခြင်းဖြင့် ဒေသ၏ဂေဟစနစ် မပျက်ယွင်းစေရေးကို အထောက်အကူပြုပါကြောင်း၊ ဝါးအခြေခံတန်ဖိုးမြှင့်ထုတ်ကုန် (Value Added) များ ထုတ်လုပ်၍ ဒေသခံပြည်သူများ ဝင်ငွေတိုးပွားစေမည့်အပြင် နိုင်ငံခြားဝင်ငွေရှာဖွေနိုင်သည်အထိ အကျိုးရှိလာမည်ဖြစ်ကြောင်း၊ ဘမ်ဘူးဝါး ကုန်ထုတ်သမဝါယမအသင်းအနေဖြင့် အနယ်နယ်အရပ်ရပ်မှ ဝါးလက်မှုပညာ သင်ကြားလိုသူများအား ဝါးပရိဘောဂသင်တန်း၊ ဝါးလက်မှုသင်တန်း၊ ဝါးအဆောက်အအုံသင်တန်း၊ ဝါးတာရှည်ခံ ဆေးစိမ်သင်တန်းစသည့် ပညာရပ်များကို သင်ကြားပို့ချပေးနေသည့်အပြင် မြန်မာ့ရိုးရာမှုန့်အစားအစာများ၊ ဝါးပေါင်းခံရေမှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများအပါအဝင် အမယ်စုံသင်ကြားပေးနေသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘမ်ဘူးဝါးကုန်ထုတ်သမဝါယမအသင်းက ထုတ်လုပ်ထားသော လက်မှုအနုပညာပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ ယင်းနောက် သင်တန်းသားသင်တန်းသူများနှင့်တွေ့ဆုံ၍ ဂုဏ်ပြုစကားများ ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပါသည်။

**လမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်**

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ ဒေသခံပြည်သူများအနေဖြင့် သစ်အစား ဝါးမှဝင်ငွေရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဝါးအခြေခံလက်မှု အနုပညာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး အားပေးကူညီဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်ခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်



ဝါးဖြင့် ပြုလုပ်ထားသော အသုံးအဆောင်ပစ္စည်းများ။

အဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဝန်ပြန်ကျေးရွာ၌ သမဝါယမအသင်းဖွဲ့စည်းရေး၊ ရှေ့လုပ်ငန်းစဉ်များအောင်မြင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**မြစ်ဝကျွန်းပေါ်သား ကျွန်တော်**

မြစ်ဝကျွန်းပေါ်သား ကျွန်တော်ငယ်စဉ်ကတည်းက ကြိမ်တောဝါးတောမှာ ကြီးပြင်းလာရသကဲ့သို့ အလယ်တန်းကျောင်းသားဘဝမှာ နီးရေပုံးရက်လုပ်ခြင်း၊ ကောက်စိုက်သမများ အသုံးပြုသည့် ပီလမရက်လုပ်ခြင်းလုပ်ငန်းများကို ကိုယ်တိုင်လုပ်ခဲ့ဖူးသည်။ အဖေက ကျောင်းဆရာဖြစ်သော်လည်း မြင်လိုက်သည်နှင့် အကုန်တတ်သော ကျောင်းဆရာဖြစ်နေပါသည်။ ကျွန်တော်တို့နေသော အိမ်ကို ကိုယ်တိုင်ဆောက်သည်။ အိမ်ရှေ့က ရေတွင်း (လက်တူးတွင်း) အတောင် ၄၀ ခန့်ကို ကိုယ်တိုင်တူးသည်။ ရွာဦးကျောင်းဆရာတော်ကြီး ပျံလွန်တော်မူသောအခါ အရိုးအိုးစေတီကို ပုံထုတ်၍ ပန်းရန်သမားများနှင့် ရွာထိပ်မှာတည်သည်။ ပတ္တလားနှင့် ဘင်ဂျိုတီးခြင်း၊ တယောထိုးခြင်းများ တတ်မြောက်သကဲ့သို့ ပန်းချီဆွဲခြင်းကိုလည်း တတ်ထားသေး၏။ ပီလမအဟောင်းကြီးတစ်ခု အိမ်သို့ယူလာပြီးလျှင် ကြိမ်အနားကွပ်များကို ဖြုတ်၍ အားလုံးခွာလိုက်သည်။ ဖင်ပြန်ခေါင်းပြန် အသေးစိတ်တိုင်းထွာမှတ်သားပြီးသကာလ ကိုယ်တိုင်နီးဖြာ၍ရက်လုပ်ပါသည်။ ပြီးလျှင်စလူနှင့် ဘိလပ်မြေအိတ်ခွန်ကိုထည့်၊ ကြိမ်အနားကွပ်ခြင်းများကို စိတ်တိုင်းမကျမချင်း တဒုတ်ဒုတ် တခွပ်ခွပ်နှင့် ထုရိုက်၍ လုပ်နေပါတော့သည်။ ပုံကျပန်းကျဖြစ်ပြီ၊ ရပြီဆိုသည်နှင့် ကျွန်တော်တို့ ညီအစ်ကိုမောင်နှမများကို ကိုယ်စီတာဝန်ခွဲဝေသင်ကြားပေးသည်။ အကြမ်းထည်ရက်လုပ်သူ၊ ခေါင်းချိုးသူ၊ ကြိမ်အနားကွပ်သူစသည်ဖြင့်။ သည့်အတွက် ကျွန်တော်တို့အိမ်သည် နွေရာသီကျောင်းပိတ်ရက်ကာလ တစ်လျှောက်လုံး နီးထွေး၊ ဝါးထွေးများကြားမှာ ကြိမ်နံ့ဝါးနံ့များ သင်းနေသော အလုပ်ရုံလေးတစ်ခုပမာ။ ပီလမကဲ့သို့ပင် ဝါးနီးရေပုံးလုပ်ငန်းကိုလည်း တတ်အောင်သင်ကြားပေးသေးသည်။ ထိုအချိန်က နေရာဒေသတော်တော်များများမှာ စက်ရေတွင်းဆိုတာ မမြင်ဖူးခဲ့။ မိရိုးဖလာ လက်တူးတွင်းများကိုသာ အုတ်စီ၍တစ်မျိုး၊ ကွန်ကရစ်လောင်းပြီး ခွေချ၍တစ်ဖုံပြုလုပ်ထားခြင်းဖြစ်ရာ ရေပုံးများကို လျှော်ကြိုးများတပ်၍ ငင်ရပါသည်။ ပလတ်စတစ်ကြိုး၊ ပလတ်စတစ်ရေပုံးများ မပေါ်သေးပါ။ နီးရေပုံးရက်လုပ်ရာတွင်လည်း အကြမ်းထည်ရက်သူ၊ အနားကွပ်၍ကိုင်းထိုးသူ၊ အင်တွဲသုတ်သူ စသည်ဖြင့် ကိုယ့်တာဝန်နှင့်ကိုယ်ပင်။ နွေရာသီကျောင်းပိတ်ရက်ကာလကို အကျိုးရှိရှိ အသုံးချနိုင်သည့်အပြင် မိသားစုဝင်ငွေရလုပ်ငန်းတစ်ခုဖြစ်၍ ကျွန်တော်တို့ပျော်ခဲ့ဖူးသည်။ ယနေ့ခေတ် ဝါးအခြေခံလက်မှုအနုပညာရှင်များကမူ ခေတ်မီဆန်းသစ်သော အတွေးအခေါ်ဒီဇိုင်းများနှင့် နိုင်ငံခြားဝင်ငွေရရှိသည်အထိ တီထွင်ဖန်တီးလုပ်ကိုင်နေကြပေပြီ။ များစွာဂုဏ်ယူဝမ်းသာ ဖြစ်ရပါသည်။

**အမှတ်ရမိသော ကြိမ်/ ဝါးသင်တန်းတစ်ခု**

လွန်ခဲ့သည့် ၁၆ နှစ်တာကာလက နယ်စပ်/စည်ပင်ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သော ကြိမ်/ဝါးသင်တန်းတစ်ခုကို ကျွန်တော်အမှတ်ရမိနေသည်။ တပ်မတော်အစိုးရလက်ထက်နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ယင်းသင်တန်းကျောင်း၌ ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၂၇ ရက် ဖွင့်လှစ်ခဲ့သော စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် ၂၇၊ အဆင့်မြင့်အိမ်တွင်းမှုသင်တန်းအမှတ်စဉ် ၁၄၊ ယဉ်ကျေးမှုနည်းပြများ မွမ်းမံသင်တန်းအမှတ်စဉ် ၃၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် ၄၆၊ ၄၇ တို့နှင့်အတူ အိမ်တွင်းလက်မှုလုပ်ငန်း (ကြိမ်/ဝါး) သင်တန်းအမှတ်စဉ် ၁ ကိုပါတစ်ပြိုင်တည်း ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း (ဗိုလ်မှူးကြီး သန်းဝင်း-ငြိမ်း) တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ အိမ်တွင်းလက်မှုလုပ်ငန်း (ကြိမ်/ဝါး) သင်တန်းအမှတ်စဉ် ၁ တွင် သင်တန်းသူ ၃၄ ဦး တက်ရောက်ခဲ့ကြရာ အားလုံးသည် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ နည်းပြများဖြစ်ကြပြီး သက်ဆိုင်ရာကျောင်းအသီးသီးတွင် ဆင့်ပွားသင်တန်းပြန်လည်ပို့ချနိုင်ရန် တက်ရောက်သင်ယူကြခြင်းဖြစ်၏။ သင်တန်းနည်းပြများကလည်း ကျွန်တော်တို့ ရောဝတီတိုင်းသားများဖြစ်ကြသည်။ ရေကြည်၊ ငါးသိုင်းချောင်းဒေသများမှ လာရောက်သင်ကြားပို့ချပေးခြင်းဖြစ်ပါသည်။ ကြိမ်နန်းဆွဲခြင်း၊ နီးဖြာခြင်းစသော အခြေခံအတတ်ပညာများမှအစ လက်ရာမြောက် လက်မှုအသုံးအဆောင်ပစ္စည်းများ ဖန်တီးလုပ်ဆောင်နိုင်သည်အထိ သင်ကြားတတ်မြောက်ခဲ့ကြသည်။

**ဘမ်ဘူးဝါးကုန်ထုတ်သမဝါယမအသင်း**

ကျွန်တော်တို့မိတ်ဆွေ ဦးတိုင်းကျော်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေပါသည်။ ဘမ်ဘူးဝါးကုန်ထုတ် သမဝါယမအသင်းကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်၌ နေပြည်တော် ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စု ဝန်ပြန်ကျေးရွာတွင် အမှုဆောင်ခုနစ်ဦး၊ အသင်းသား ၄၃ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ အသင်း၏ ရည်ရွယ်ချက်များမှာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ ဝါးအခြေခံလုပ်ငန်းများမှ နေ့စဉ်ဝင်ငွေရရှိစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊ ဒေသဝါးထုတ်ကုန်ကို အခြေခံကာ အဆင့်မြင့်ထုတ်ကုန်အဖြစ် တစ်ဆင့်ချင်း အကောင်အထည်ဖော်သွားရန်၊ ဝါးမှနိုင်ငံခြားဝင်ငွေရရှိနိုင်သော အဓိကလုပ်ငန်းတစ်ခု ဖြစ်လာစေရန်ဟူ၍ ဖြစ်ပါသည်။ အထက်ပါရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရာတွင် ဒေသခံပြည်သူများအနေဖြင့် ဝါး၏တန်ဖိုးကို နားလည်လက်ခံအောင် စည်းရုံးဟောပြောခြင်း၊ ဝါးတောများမပြုန်းတီးစေရေးအတွက် စနစ်ကျသော ဝါးခုတ်နည်းသင်တန်းပေးခြင်း၊ ဝါးတန်ဖိုးမြှင့် ထုတ်ကုန်သင်တန်းများပေးခြင်း၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ ဝါးလုပ်ငန်းတိုးတက်ရေးဆောင်ရွက်ခြင်း၊ လေလွင့်ဝါးအမှိုက်များမှ ဝါးမီးသွေးနှင့် ဝါးပေါင်းခံရည်ထုတ်လုပ်နည်း သင်တန်းများပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ဆက်လက်၍လည်း မြန်မာ့ရိုးရာ မှုန့်အစားအစာကို နိုင်ငံတကာဈေးကွက်ဝင်သည်အထိ ပြုပြင်မွမ်းမံထုတ်လုပ်ရန်၊ ဈေးကွက်ဝင်ဝါးပင်များ အစားထိုးစိုက်ပျိုးရန်၊ ဝါးအခြေခံ နိုင်ငံတကာအဆင့်မီ ကုန်ချောပစ္စည်းများ ထုတ်လုပ်သွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။

**အောင်မြင်ပါစေ ဘမ်ဘူး**

ဘမ်ဘူးဝါးကုန်ထုတ် သမဝါယမအသင်းက ပထမအကြိမ်ဖွင့်လှစ်ခဲ့သော ယခုသင်တန်းသို့ အနယ်နယ်အရပ်ရပ်မှ သင်တန်းသား သင်တန်းသူ ၃၂ ဦး တက်ရောက်လျက်ရှိသည်။ နေထိုင်စားသောက်ရေးဆိုင်ရာ အုပ်ချုပ်မှုကိစ္စများကို စနစ်တကျ စီစဉ်ဆောင်ရွက်ပေးထားသည်။ ဒီဇိုင်းရေးဆွဲနည်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ပရိဘောဂပြုလုပ်ခြင်း၊ လူသုံးကုန်ပစ္စည်းများ ပြုလုပ်ခြင်းသာမက စာရင်းကိုင်ပညာရပ်များကိုပါ သင်ကြားပို့ချပေးလျက်ရှိသည်။ သင်တန်းသားများသည် နောင်တစ်ချိန်တွင် ထုတ်လုပ်သူများ ဖြစ်လာပါလိမ့်မည်။ မိမိနှင့် မိမိဒေသ အကျိုးစီးပွားအတွက်သာမက နိုင်ငံတော်၏ မျှော်မှန်းချက်များကိုပါ အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် လူငယ်လူရွယ်များ ဖြစ်လာပါလိမ့်မည်။ သည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်စွာ အားပေးနေပါသည်။ အောင်မြင်ပါစေဘမ်ဘူး...။ ။

*** ဒေသခံပြည်သူများအနေဖြင့် ဝါး၏တန်ဖိုးကို နားလည်လက်ခံအောင် စည်းရုံးဟောပြောခြင်း၊ ဝါးတောများမပြုန်းတီးစေရေးအတွက် စနစ်ကျသော ဝါးခုတ်နည်းသင်တန်းပေးခြင်း၊ ဝါးတန်ဖိုးမြှင့် ထုတ်ကုန်သင်တန်းများပေးခြင်း၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ ဝါးလုပ်ငန်းတိုးတက်ရေးဆောင်ရွက်ခြင်း၊ လေလွင့်ဝါးအမှိုက်များမှ ဝါးမီးသွေးနှင့် ဝါးပေါင်းခံရည် ထုတ်လုပ်နည်း သင်တန်းများပေးခြင်းများ ဆောင်ရွက်လျက်ရှိ**

၆.၇.၂၀၂၂ ရက်နေ့တွင်ကျရောက်သည့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရခြင်း(၃)နှစ်ပြည့် ဂုဏ်ပြုဆောင်းပါး



# ပုဂံကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ ဆက်လက်လုပ်ဆောင်ရမည့် အမွေအနှစ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် မဟာဗျူဟာလုပ်ငန်းများ

*ဒေါက်တာအိရွှေစင်မြင့်(ပုဂံ)*

ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် တစ်ခုအပါအဝင်ဖြစ်သော ပုဂံဒေသသည် မန္တလေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်အနီးတွင် တည်ရှိပါသည်။ ပုဂံဒေသတွင် ပုဂံခေတ်လက်ရာများသာမက ပုဂံခေတ်နှောင်းပိုင်း (ပင်းယ၊ အင်းဝ၊ ညောင်ရမ်း၊ ကုန်းဘောင်) ခေတ်အထိ ခေတ်အဆက်ဆက်လက်ရာများကို တစ်စုတစ်ဝေးတည်း လေ့လာနိုင်ပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၄ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ် ကာကွယ်စောင့်ရှောက်မှု ကွန်ဗင်းရှင်းတွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ သို့သော် ၁၉၇၂ ကွန်ဗင်းရှင်းတွင် လက်မှတ်ရေးထိုးပြီးမှသာ မိမိတို့နိုင်ငံရှိ အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်း ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ကမ္ဘာ့အမွေအနှစ်တင်သွင်းရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ –

(က) ၁၉၇၂ ကွန်ဗင်းရှင်းတွင် လက်မှတ်ရေးထိုးခြင်း၊

(ခ) မိမိနိုင်ငံရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ဦးစွာရှာဖွေလေ့လာခြင်း၊

(ဂ) ယင်းစာရင်းများကို အဆိုပြုလွှာတင်သွင်းခြင်း (Tentative List) (အဆိုပြုလွှာတင်သွင်းခြင်းမရှိသော အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်အဖြစ် အဆိုတင်သွင်းခွင့် မရှိပါ။)

(ဃ) တင်သွင်းထားသော အဆိုပြုလွှာများကို အကြံပေးအဖွဲ့များက စစ်ဆေးခြင်း၊

(င) ကမ္ဘာ့အမွေအနှစ်ကော်မတီ၏ သဘောတူညီချက်ဖြင့် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ကြခြင်းတို့ ဖြစ်ပါသည်။

ပုဂံဒေသကို စံနှုန်းသတ်မှတ်ချက် (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆) တို့ဖြင့် ၄–၁၀–၁၉၉၆ ရက်နေ့တွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ ပထမအကြိမ် တင်သွင်းခဲ့ပါသည်။ သို့သော် ၂၈–၁၂–၁၉၉၇ ရက်နေ့မှ ၂၉–၁၂–၁၉၉၇ ရက်နေ့အထိ ကျင်းပခဲ့သည့် (၂၁) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ညီလာခံအစည်းအဝေးမှ ပုဂံဒေသတွင် တိကျသည့် စီမံခန့်ခွဲမှုစနစ် (Management Plan) မရှိခြင်း ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းသည့် ဥပဒေ (Law) မရှိခြင်း၊ တိကျသည့် နယ်မြေသတ်မှတ်ချက် (Boundary) မရှိခြင်းတို့ကြောင့် နောက်နှစ်နှစ်မှသာ ပြန်လည်တင်ပြပေးရန် (Refer back)အဖြစ် ကမ္ဘာ့အမွေအနှစ်ကော်မတီမှ ဆုံးဖြတ်ခဲ့ကြသည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် တင်သွင်းနိုင်ခြင်းမရှိဘဲ ၂၀၁၄ ခုနှစ်မှသာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် အခြားဆက်စပ်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ အခြားအဖွဲ့အစည်းများ၊ ပရဟိတအသင်းများ၊ ဒေသခံပြည်သူများ၊ ပြည်တွင်း၊ ပြည်ပ ပညာရှင်များ အားလုံးပူးပေါင်း၍ ပုဂံဒေသအား ဒုတိယအကြိမ် ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။

ဒုတိယအကြိမ် ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရာတွင် ပုဂံ၏ Landmark ဖြစ်သည့် စွယ်တော်လေးဆူ (ရွှေစည်းခုံ၊ လောကနန္ဒာ၊ တုရင်တောင်၊ တန့်ကြည်တောင်)အတွင်း ရှေးဟောင်းအဆောက်အအုံများ တစ်စုတစ်ဝေးတည်း တည်ရှိနေသည့်အတွက် တန့်ကြည်တောင်ဘက်အခြမ်းကိုပါ ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းခဲ့သည့်အတွက် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးဟူ၍ တိုင်းနှစ်တိုင်း ပူးတွဲတင်ပြခဲ့ပါသည်။ ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရာတွင် ကမ္ဘာ့အမွေအနှစ် သတ်မှတ်ချက်နှင့်အညီ ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသ(Property Area–PA)၊ ကြားခံဒေသ (Buffer Area–BA) ဟူ၍ အပိုင်းနှစ်ပိုင်း ခွဲခြားတင်သွင်းခဲ့ပါသည်။ အကျယ်အဝန်းအဖြစ် ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသ (PA) ၁၂၃၄၂ ဒသမ ၉၂ ဧက၊ ကြားခံဒေသ (BA) ၄၄၃၄၆ ဒသမ ၂၉ ဧက စုစုပေါင်း ၅၆၆၈၉ ဒသမ ၂၁ ဧက တင်သွင်းခဲ့ပါသည်။ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသတွင် ရှေးဟောင်းအဆောက်အအုံ စုစုပေါင်း ၃၈၃၇ ဆူရှိပြီး မန္တလေးတိုင်း (ပုဂံဒေသ)တွင် ၃၈၂၂ ဆူ၊ မကွေးတိုင်း (ပခုက္ကူ၊ တန့်ကြည်တောင်အနီး)တွင် ၁၅ ဆူ ရှိပါသည်။ ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသ (Property Area–PA) အတွင်း ကျေးရွာ ခြောက်ရွာနှင့် မြို့နှစ်မြို့ (ညောင်ဦးမြို့နှင့် ပုဂံမြို့သစ်)၊ ကြားခံဒေသ (Buffer Area–BA)အတွင်း ကျေးရွာပေါင်း ၃၅ ရွာ တည်ရှိပါသည်။

ကမ္ဘာ့အမွေအနှစ်တင်သွင်းရာတွင် မိမိတို့အမွေအနှစ်များသည် "လူသားအားလုံး အသိအမှတ်ပြုနိုင်သောတန်ဖိုး (Outstanding Universal Value, OUV)၊ အမွေအနှစ်များအတွက် သတ်မှတ်ထားသော စံနှုန်း (Criteria)"များနှင့်လည်း ကိုက်ညီနေရန်လည်း လိုအပ်ပါသည်။ ကမ္ဘာ့အမွေအနှစ် အမျိုးအစား သုံးမျိုးရှိရာ –

(က) ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်(World Cultural Heritage)၊

(ခ) ကမ္ဘာ့သဘာဝအမွေအနှစ်(World Natural Heritage) နှင့်

(ဂ) ကမ္ဘာ့သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ် (Mix World Heritage) တို့ ဖြစ်ပါသည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်း(World Cultural Heritage) အဖြစ် တင်သွင်းရေးအတွက် အဆိုပြုစာတွဲ(အပြည့်အစုံ)Nomination Dossier (Complete) တွင် စာတွဲ (၅) တွဲဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် တင်သွင်းအချိန်မီ တင်ပြခဲ့ပါသည်။ အဆိုပါ စာတွဲ(၅) တွဲမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) Volume I – အမွေအနှစ်ဒေသ၏ အမည်နှင့် သတ်မှတ်ချက်၊ အမွေအနှစ်ဆိုင်ရာ ထိန်းသိမ်းရေးလုပ်ငန်း၊ လက်ရှိအခြေအနေနှင့် အမွေအနှစ်အပေါ် ထိခိုက်စေသော အကြောင်းအရာများ၊ အမွေအနှစ်များကို ကာကွယ်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ အမွေအနှစ်ဆိုင်ရာ တင်ပြချက်၊ မှတ်တမ်းနှင့် အထောက်အထားများ၊ အမွေအနှစ်၏ တန်ဖိုးနှင့် ပတ်သက်၍ ဆန်းစစ် ဖော်ထုတ်တင်ပြချက်များ၊

(ခ) Volume II – ရှေးဟောင်းအဆောက်အအုံများ မှတ်တမ်း၊ ပုဂံဒေသရှိ နန်းတော်ရာများ၊ ဘုန်းတော်ကြီးကျောင်းများ၊ နှစ်ထပ်စေတီများ၊ သံချက်ဖိုများ၊ စဥ့်ဖိုများ၊ နတ်ကွန်းများ၊ ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုမှတ်တမ်းများ၊ ရေစီမံခန့်ခွဲမှုများ၊ ဗိသုကာနှင့် အနုလက်ရာများ၊

(ဂ) Volume III– ဘက်စုံလွှမ်းခြုံသော စီမံခန့်ခွဲမှုမူဘောင်၊ ပုဂံဒေသတွင်း စီမံကိန်း၊ ပုဂံဒေသတွင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှု မဟာဗျူဟာများ၊

*စာမျက်နှာ ၁၁ သို့*

**နိုင်ငံရှိအမွေအနှစ်များ ကမ္ဘာ့အဆင့်အသိအမှတ်ပြုခံရခြင်းသည်လည်း မိမိတို့နိုင်ငံ ဂုဏ်သိက္ခာဖြစ်သကဲ့သို့ မိမိတို့နိုင်ငံမှ အမွေအနှစ်များ ကမ္ဘာ့အဆင့်အသိအမှတ်ပြုခံရခြင်းမှ ထုတ်ပယ်ခံရခြင်း (Danger List) သည်လည်း မိမိတို့နိုင်ငံ ဂုဏ်သိက္ခာကျဆင်းခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများဆောင်ရွက်ရာတွင် ယဉ်ကျေးမှုအမွေအနှစ်များ၏ တန်ဖိုးကြီးမားမှုကို သိရှိနားလည်သဘောပေါက်ပြီး အမွေအနှစ်များကို ကာကွယ်ရင်း၊ ဒေသခံများ၏ လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီစွာဆောင်ရွက်**



ပုဂံ ကမ္ဘာ့အမွေအနှစ်ဒေသရှိ ရွှေစည်းခုံစေတီတော်နှင့် သရပါတံခါး။



*စာမျက်နှာ ၁၀ မှ*

(ဃ) Volume IV– ပုဂံဒေသအတွက် သင့်လျော်သော အမွေအနှစ်ဆိုင်ရာ လမ်းညွှန်ချက်များ၊ ရှေးဟောင်းအဆောက်အအုံ၏ ထိန်းသိမ်းရေးလုပ်ငန်းများအတွက် လက်စွဲ၊ နံရံဆေးရေးပန်းချီနှင့် ဗိသုကာဆိုင်ရာ အပြောက်အမွမ်း လက်ရာများအတွက် ထိန်းသိမ်းရေးလမ်းညွှန်ချက်များ၊ ငလျင်အပြီး ရှေးဟောင်းအဆောက်အအုံများ၏ တည်ဆောက်မှုဆိုင်ရာ ယာယီထိန်းသိမ်းခြင်းလုပ်ငန်းလမ်းညွှန်ချက်များ၊

(င) Volume V – မြေပုံများနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် နယ်မြေမြို့ပြနှင့် ဒေသစီမံကိန်းများ၊

ပုဂံဒေသကို ဒုတိယအကြိမ် ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းခဲ့သည့်အခါတွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် (World Cultural Heritage) အတွက် တင်သွင်းခြင်းဖြစ်ပြီး ယဉ်ကျေးမှုအမွေအနှစ်အတွက် သတ်မှတ်ထားသည့် စံနှုန်း(၆)ချက်အနက်မှ အောက်ပါစံနှုန်းသတ်မှတ်ချက် (၃)၊ (၄)၊ (၆) တို့ဖြင့် တင်သွင်းခဲ့ပါသည် –

(က) **(စံနှုန်း ၃)** Testimony။ တည်ရှိနေဆဲဖြစ်သော သို့မဟုတ် ကွယ်ပျောက်သွားခဲ့သော ယဉ်ကျေးမှုဓလေ့ သို့မဟုတ် မြို့ပြယဉ်ကျေးမှုတစ်ခု၏ အတုမရှိမှု သို့မဟုတ် ပြယုဂ်တစ်ခုအနေဖြင့် ကျန်ရှိနေမှု၊

(ခ) **(စံနှုန်း ၄)** Typology ။ လူ့သမိုင်းတွင် သိသာထင်ရှားရသော အဆင့်အတန်း (သို့မဟုတ်) ထိုထက်ပိုစွာ ဖော်ပြပေးသော အဆောက်အအုံပုံစံများ၊ ဗိသုကာလက်ရာ နည်းပညာဆိုင်ရာ အစိတ်အပိုင်းများ၊ ရေမြေဒေသများ၊

(ဂ) **(စံနှုန်း ၆)** Association ။ လူသားအားလုံး Association အသိအမှတ်ပြုလက်ခံနိုင်သော အရေးပါထင်ရှားမှုများ၊ ရှင်သန်နေဆဲ ထုံးဓလေ့များ၊ အတွေးအခေါ်များ၊ ယုံကြည်၊ အနုပညာ၊ စာပေလက်ရာများ ဖြင့် ဆက်စပ်ဖြစ်ပျက်ခဲ့မှုများ၊

ပုဂံဒေသအား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် (World Cultural Heritage)အတွက် တင်ပြခဲ့သည့်အတွက် တင်ပြချက်စာတွဲများကို နိုင်ငံတကာအထိမ်းအမှတ် အဆောက်အအုံနှင့် နေရာဒေသများကောင်စီ (International Council On Monuments and Sites–ICOMOS) စုံညီအဖွဲ့က ဖတ်ရှုပြီး အဖွဲ့၏ နည်းပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်မှ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့မှ ၂၅ ရက်နေ့အထိ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ လာရောက်၍ အကဲဖြတ်လေ့လာဆန်းစစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ထို့နောက် အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့ ဘာကူကွန်ဗင်းရှင်းစင်တာ၌ ၃၀–၆–၂၀၁၉ ရက်နေ့မှ ၁၀–၇–၂၀၁၉ ရက်နေ့အထိ ကျင်းပခဲ့သည့် (၄၃) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ကော်မတီညီလာခံ အစည်းအဝေးမှ ပုဂံဒေသနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ရာ အဆိုပါအစည်းအဝေးသို့ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် ယူနက်စကိုဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့မှ ၈ ဦး၊ ပညာရှင် ၄ ဦး၊ ပရဟိတအဖွဲ့နှင့် ပုဂံချစ်သူများအဖွဲ့မှ ကိုယ်စားလှယ် ၂၆ ဦး စုစုပေါင်း ၃၈ ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ (၄၃) ကြိမ်မြောက် ညီလာခံအစည်းအဝေးတွင် ပုဂံဒေသနှင့် ပတ်သက်ပြီး ဆွေးနွေးခြင်းကို ၆–၇–၂၀၁၉ ရက်နေ့ နေ့လယ်ပိုင်း အစီအစဉ် ဒေသစံတော်ချိန် ၁၅:၀၀–၁၈:၀၀ နာရီ အစီအစဉ်အစပိုင်းတွင် စတင်ဆွေးနွေးခဲ့ကြသည်။ ကမ္ဘာ့အမွေအနှစ်ကော်မတီဝင်နိုင်ငံများ၏ ထောက်ခံမှုဖြင့်လည်းကောင်း၊ ကမ္ဘာ့အမွေအနှစ်ကော်မတီ၏ အကြံပေးအဖွဲ့ဖြစ်သော နိုင်ငံတကာအထိမ်းအမှတ်အဆောက်အအုံနှင့် နေရာဒေသများကောင်စီ(ICOMOS–International Council on Monuments and Sites) မှ ပညာရှင်များ၏ ထောက်ခံမှုဖြင့်လည်းကောင်း၊ ကမ္ဘာ့အမွေအနှစ်ကော်မတီ၏ ဆုံးဖြတ်ချက် အမှတ် 8 B (20 COM) အရ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် မြန်မာနိုင်ငံအတွက် ဒုတိယမြောက် ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်နေရာ ဖြစ်လာခဲ့ပါသည်။ ထိုသို့ အတည်ပြုခြင်းနှင့်အတူ ပုဂံဒေသနှင့် ပတ်သက်သည့် ဆက်လက်ဆောင်ရွက်ရမည့် အကြံပြုချက် ၁၉ ချက်ကို သတ်မှတ်ပေးခဲ့ပြီး အဆိုပါအကြံပြုချက် အစီရင်ခံစာအား ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့ နောက်ဆုံးထား ပြန်လည်ပေးပို့ရန် ကမ္ဘာ့အမွေအနှစ်ကော်မတီမှ တစ်ပါတည်း သတ်မှတ်ပေးခဲ့ပါသည်။

အကြံပြုချက် ၁၉ ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) **မဟာဗျူဟာရေးဆွဲခြင်းလုပ်ငန်း**

- ဟိုတယ် ရေရှည်မဟာဗျူဟာရေးဆွဲခြင်း (Hotel Strategy)၊
- ပုဂံဒေသ ခရီးသွားလုပ်ငန်းဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာရေးဆွဲခြင်း (Tourism Strategy)၊
- သဘာဝဘေးအန္တရာယ်ကျရောက်မှု စီမံခန့်ခွဲရေး မဟာဗျူဟာရေးဆွဲခြင်း (Disaster Risk Management Strategy) ၊
- ပုဂံဒေသစိုက်ပျိုးရေးမဟာဗျူဟာ ရေးဆွဲခြင်း (Agri–culture Strategy)၊
- မြို့ပြနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှု စီမံကိန်းရေးဆွဲခြင်း (Regional Plan)။

အထက်ပါမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းများကို ဆက်စပ်ဝန်ကြီးဌာနများဖြစ်သည့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

(ခ) **သုတေသနလုပ်ငန်း**

- ရှေးဟောင်းသုတေသနဆိုင်ရာ ဘေးအန္တရာယ်ပြမြေပုံ ရေးဆွဲခြင်းလုပ်ငန်း (Archaeological Map and Archaeological Risk Map)၊
- ပုဂံဒေသအတွက် တစ်ခုတည်းသော မြေပုံရေးဆွဲရေး လုပ်ငန်း (One Map for Bagan)၊
- ရေအရင်းအမြစ်သုတေသနလုပ်ငန်း(Water Manage–ment System)၊
- အမွေအနှစ်ထိခိုက်နိုင်မှု ဆန်းစစ်ချက်လုပ်ငန်း (Heritage Impact Assessment, HIA)၊
- ပုဂံအမွေအနှစ်ဒေသ အဆောက်အအုံများကို မှတ်တမ်းစာရင်းပြုစုရန်နှင့် ယင်းအဆောက်အအုံများကို အဆင့်အတန်း သတ်မှတ်ခြင်းလုပ်ငန်း (Monument Grading)၊
- ရှေးဟောင်းသုတေသနဆိုင်ရာ အချက်အလက်များ ပြုစုတည်ဆောက်ခြင်းလုပ်ငန်း (Database)။

(ဂ) **စီမံခန့်ခွဲမှုလုပ်ငန်း**

- ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ မြေယာရှုခင်း သဘာဝအခြေအနေ စီမံခန့်ခွဲရေးလုပ်ငန်း (landscape Mana–gement System)၊
- စွမ်းဆောင်ရည်ပြည့်ဝသော စီမံခန့်ခွဲမှုလုပ်ငန်း (evaluating the carrying capacity)၊
- ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်း (cultural heritage management)၊
- စောင့်ကြည့်လေ့လာစီမံခန့်ခွဲခြင်း (Monitoring System) လုပ်ငန်း။

(ဃ) **ဇုန်စီမံခန့်ခွဲခြင်းလုပ်ငန်း**

- ဇုန်နယ်မြေ ပြန်လည်ပြင်ဆင်သတ်မှတ်ခြင်းလုပ်ငန်း (Revise the Boundaries)၊
- ဇုန်တိုင်စိုက်ထူခြင်းလုပ်ငန်း (Zone Pallor)။

(င) **အခြားလုပ်ငန်း**

- နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်စီမံခန့်ခွဲမှုလုပ်ငန်း (All international missions working at Bagan to enter into formal agreements)၊
- အရေးပါသော စီမံကိန်း၊ လုပ်ငန်းများအားလုံး ဆောင်ရွက်ရာတွင် ကမ္ဘာ့အမွေအနှစ် ကွန်ဗင်းရှင်း၏ လုပ်ငန်းလမ်းညွှန်ချက် အပိုဒ်(၁၇၂) နှင့်အညီ လိုက်နာဆောင်ရွက်ရေး (In line with paragraph 172 of Operational Guidelines for the Implementation of the World Heritage Convention)။ (အထက်ပါလုပ်ငန်းများကိုလည်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် အခြားဆက်စပ်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

အထက်ပါ ကမ္ဘာ့အမွေအနှစ်ကော်မတီ (WHC)၏ အကြံပြုအချက် ၁၉ ချက်ပါ အစီရင်ခံစာ(State of Conservation Report of Bagan (1588), 2019. Myanmar) Digital Version (soft copy) အား အီးမေးလ်ဖြင့် ၂၄–၁၁–၂၀၂၁ ရက်နေ့တွင်လည်းကောင်း၊ Printed Version (Hard Copy) ကို DHL ဖြင့် ၂၆–၁၁–၂၀၂၁ ရက်နေ့တွင်လည်းကောင်း ကမ္ဘာ့အမွေအနှစ်ကော်မတီ (World Heritage Committee) သို့ ပြန်လည်ပေးပို့တင်ပြခဲ့ပြီးဖြစ်ပါသည်။

ပုဂံဒေသသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ပြီးသော်လည်း အမွေအနှစ်နေရာများအား စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၊ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်မှုတို့ကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ဆက်လက်ဆောင်ရွက်ရမည့် အမွေအနှစ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ မဟာဗျူဟာရေးဆွဲရေး လုပ်ငန်းစဉ်များကိုလည်း ပုံမှန်လုပ်ငန်းများ၊ သတ်မှတ်ထားသောအချိန်အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ အရေးပေါ်အခြေအနေအတွက် တုံ့ပြန်ဆောင်ရွက်ရမည့်လုပ်ငန်းများဆိုပြီး အဆင့်ဆင့်ခွဲခြား အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပုဂံဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရောက်ရန်အတွက် ဆောင်ရွက်စဉ်က ပူးပေါင်းပါဝင်ခဲ့ကြသည့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ ဒေသခံပြည်သူများ၊ ဒေသခံပရဟိတအဖွဲ့အစည်းများ၊ NGO အဖွဲ့အစည်းများ၊ အမွေအနှစ်ချစ်မြတ်နိုးကြသူများ၊ ပြည်တွင်းမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်ကြီးများအားလုံး စည်းလုံးညီညွတ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်မှသာ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် (၃)နှစ်ပြည့်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ် အစွန့်ရှည်တည်တံ့နေမည် ဖြစ်ပါသည်။

မိမိတို့နိုင်ငံရှိ အမွေအနှစ်များ ကမ္ဘာ့အဆင့် အသိအမှတ်ပြုခံရခြင်းသည်လည်း မိမိတို့နိုင်ငံဂုဏ်သိက္ခာဖြစ်သကဲ့သို့ မိမိတို့နိုင်ငံမှ အမွေအနှစ်များ ကမ္ဘာ့အဆင့်အသိအမှတ်ပြုခံရခြင်းမှ ထုတ်ပယ်ခံရခြင်း (Danger List)သည်လည်း မိမိတို့နိုင်ငံဂုဏ်သိက္ခာ ကျဆင်းခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယဉ်ကျေးမှုအမွေအနှစ်များ၏ တန်ဖိုးကြီးမားမှုကို သိရှိနားလည်သဘောပေါက်ပြီး အမွေအနှစ်များကို ကာကွယ်ရင်း၊ ဒေသခံများ၏ လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီစွာ ဆောင်ရွက်ရင်း၊ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ ကမ္ဘာ့အမွေအနှစ်ဒေသနှင့်အညီ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ ဘက်စုံလွှမ်းခြုံသောစီမံခန့်ခွဲမှု မူဘောင်တို့နှင့်အညီ ပူးပေါင်းဆောင်ရွက်လျက် ကမ္ဘာတည်သရွေ့ ပုဂံ ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ် အစွန့်ရှည်တည်တံ့ပါစေကြောင်း ဂုဏ်ပြုမှတ်တမ်းတင်ရေးသားလိုက်ပါသည်။ ။

# ရှမ်းပြည်နယ်အတွင်း လက်နက်/ခဲယမ်းများနှင့် တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိမှုများတွင် ပါဝင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်



**နေပြည်တော် ဇူလိုင် ၅**

ရှမ်းပြည်နယ်အတွင်း လက်နက်/ခဲယမ်းများနှင့် တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိမှုများတွင် ပါဝင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။ ထို့နောက် ရှမ်းပြည်နယ်အတွင်း လက်နက်/ခဲယမ်းများနှင့် တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိမှုများတွင် ပါဝင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ (ယာပုံ)

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် လင်းခေး၊ မောက်မယ်၊ ဆီဆိုင်၊ တောင်ကြီးမြို့တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ ထပ်ဆင့်လွှင့်စက်ရုံမှ ဝန်ထမ်းများနှင့် တွေ့ဆုံ

**တောင်ကြီး ဇူလိုင် ၅**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ဇူလိုင် ၃ ရက် မွန်းလွဲပိုင်းတွင် လင်းခေးမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးတွင် ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မိုင်းပန်မြို့နယ်နှင့် ကျိုင်းတောင်းမြို့တို့မှ ဦးစီးမှူးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံမှူးတို့အား တွေ့ဆုံသည်။

ဇူလိုင် ၄ ရက်တွင် ဒုတိယဝန်ကြီးသည် မောက်မယ်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး မောက်မယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံမှူးတို့အား တွေ့ဆုံသည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ဒေသစီမံခန့်ခွဲရေးအဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများနှင့်အတူ ဆီဆိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဆီဆိုင် (နောင်ထော်) ထပ်ဆင့်လွှင့်စက်ရုံမှ စက်ရုံမှူးတို့အား တွေ့ဆုံကာ ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ (ဝဲပုံ)

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ဝန်ထမ်းကောင်းများဖြစ်အောင် သစ္စာရှိရှိ တာဝန်သိသိဖြင့် ဆောင်ရွက်ကြရန်၊ အလှမ်းကွာဝေးသောဒေသများဖြစ်၍ဌာနဆိုင်ရာ အကြီးအကဲများ မရောက်ရှိနိုင်သောကြောင့် မိမိတို့ကိုယ်တိုင်၏ အသိစိတ်ဖြင့် ထိုးထွင်းကြံဆဆောင်ရွက်ကြရန်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများနှင့် ပူးပေါင်း ဆောင်ရွက်ကြရန်၊ လူငယ်လူရွယ်များနှင့် ကျောင်းသား၊ ကျောင်းသူများအကြား အသိပညာ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ကြရန်၊ ရုံးအဆောက်အဦများ၊ စာအုပ်စာစောင်များနှင့် ရုံးသုံးပစ္စည်းများ လျော့နည်းပျက်စီးပျောက်ဆုံးမှုမရှိအောင် စစ်ဆေးကြပ်မတ် ဆောင်ရွက်ကြရန် မှာကြားသည်။

ဒုတိယဝန်ကြီးသည် ခရီးစဉ်အတွင်း ဇူလိုင် ၅ ရက်က လင်းခေးမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် လည်းကောင်း၊ ယနေ့တွင် တောင်ကြီးမြို့ အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်းတွင် လည်းကောင်း၊ ပြည်နယ်နှင့်ခရိုင်တို့မှ တာဝန်ရှိသူများ၊ အခြေခံပညာဦးစီးဌာနမှ ပညာရေးမှူးများနှင့်အတူ ကျောင်းအုပ် ဆရာမကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံ၍ ပညာတတ် လူတော်လူကောင်းများဖြင့်သာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်၍ ဗလငါးတန် ပြည့်ဝသည့် လူငယ်များဖြစ်အောင် ကြိုးစားကြရန် မှာကြားသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ထို့နောက် ကျောင်းစာကြည့်တိုက်များအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ စာအုပ်စာစောင်များနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပေးအပ်သည့် အားကစားပစ္စည်းများကို ပေးအပ်ပြီး ဆရာ၊ ဆရာမနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ခရိုင်(ပြန်/ဆက်)**

# လောင်းလုံမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဖွင့်

**လောင်းလုံ ဇူလိုင် ၅**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက လောင်းလုံမြို့နယ် သဗျာကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲခေါင်နှင့် ခရိုင်ဦးစီးမှူး ဦးအောင်လွင်တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ လောင်းလုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမင်းလွင်က သင်တန်းသူများ အနေဖြင့် သင်တန်းက သင်ကြားပေးသော အတတ်ပညာများကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ အသုံးချနိုင်ရန် ကြိုးစားသင်ကြားစေလိုကြောင်း၊ သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာမများဖြင့် စနစ်တကျ သင်ကြားပေးမည်ဖြစ်ပြီး လိုအပ်သော သင်ထောက်ကူပစ္စည်းများကိုလည်း ပံ့ပိုးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါစက်ချုပ်သင်တန်းသို့ လောင်းလုံမြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ၁၃ ဦး တက်ရောက်ကြပြီး သင်တန်းတွင် အခြေခံလက်ချုပ်၊ စက်ချုပ်၊ လုံချည်ချုပ်နည်း၊ ကြယ်သီးဖောက်နည်း၊ ကလေးဘောင်းဘီ၊ ကလေးအင်္ကျီ၊ အမျိုးသမီးဝတ် ရင်ဖုံးအင်္ကျီစသည့် အခြေခံ စက်ချုပ်နည်းအမျိုးမျိုးကို ကျွမ်းကျင်နည်းပြဆရာမများက စာတွေ့၊လက်တွေ့ နှစ်မျိုးဖြင့် နှစ်လကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း လောင်းလုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းခိုင်က ပြောပြသည်။

**ကိုပြည့်(ကျေးလက်)**

# မင်းလှမြို့၌ မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲ ကျင်းပ

**မင်းလှ ဇူလိုင် ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် သစ်တောဦးစီးဌာနက သဘာဝပတ်ဝန်းကျင် စိမ်းလန်းသာယာ စိုပြည်စေရေးအတွက် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းကို ရွှေကုန်းအုပ်စု ဘန့်ဘွေးကုန်းကျေးရွာ အနီး စိန်ကန့်လန့် - မြို့ချောင်းလမ်း မိုင်တိုင် အမှတ်(၁၀) မုက္ခာကြိုးဝိုင်း အကွက် အမှတ်(၂၉)၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။



ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းဝင်းက သစ်ပင်စိုက်ပျိုးခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများကို ပြောကြား၍ စုပေါင်းသစ်ပင် စိုက်ပျိုးရန် ပျိုးပင်များ ပေးအပ်ခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်သစ်တောဦးစီးမှူး ဦးမြဝင်းကောင်း၊ မြို့နယ်သစ်တောဦးစီးမှူး ဦးကျော်မျိုးမင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့၊ ဒေသခံပြည်သူများက ကျွန်းပင် ၁၄၀၀ ပင်၊ ပျဉ်းကတိုး အပင် ၅၀၊ ပိတောက် အပင် ၅၀ စုစုပေါင်း ပျိုးပင် အပင် ၁၅၀၀ ကို စုပေါင်းစိုက်ပျိုး ပေးခဲ့သည်။

ထို့နောက်ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပစိဖိတ်ကုမ္ပဏီ၏ ၂၀၀၄-၂၀၀၅ ခုနှစ် ပုဂ္ဂလိက သီးခြားကျွန်းစိုက်ခင်း ဧက ၃၀ နှင့် သစ်တောဦးစီးဌာန၏ (၁/၂၀၁၅) စီးပွားရေးကျွန်းစိုက်ခင်း ဧက ၃၀ တို့ကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သစ်လွင်ဦးစီးအရာရှိများအတွက် Digital Literacy သင်တန်းဖွင့်





**နေပြည်တော် ဇူလိုင် ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သစ်လွင်ဝန်ထမ်းဦးစီးအရာရှိများအတွက် Digital Literacy သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များပါဝင်သည့် Myanmar National Portal ကို တည်ဆောက်ထားပြီးဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း Myanmar National Portal တွင် သတင်းအချက်အလက်များ၊ ဝန်ဆောင်မှုကဏ္ဍများတွင် ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာန Web Portal တစ်ခု တည်ဆောက်လျက်ရှိပြီး သတင်းများ၊ ဝန်ဆောင်မှုများ၊ မူဝါဒများ၊ အသိပညာပေးကဏ္ဍများ၊ မှတ်တမ်းများနှင့် ဝန်ကြီးဌာန၏ Public Service လုပ်ငန်းများကို ပြည်သူများထံသို့ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ နည်းပညာခေတ်ဖြစ်သည့်နှင့်အညီ သင်တန်းသား သင်တန်းသူများအနေဖြင့် ရုံးသုံးအခြေခံသင်တန်းများသည် အရေးကြီးလိုအပ်လျက်ရှိပါကြောင်း၊ မိမိတို့ဝန်ထမ်းများအနေဖြင့် Digital Literacy နည်းပညာသင်တန်းများနှင့် ဗဟုသုတများ သိရှိနားလည်တတ်ကျွမ်းရန် လိုအပ်ပါကြောင်း၊ e-Government စနစ်ကို အသုံးပြုခြင်းဖြင့် အစိုးရ၏ ယန္တရားကို ကျစ်ကျစ်လျစ်လျစ် ဆောင်ရွက်နိုင်ခြင်း၊ အစိုးရ၏ လုပ်ငန်းများကို ကုန်ကျစရိတ်နှင့်အချိန် ပိုမိုသက်သာစွာ ဆောင်ရွက်နိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ အဂတိလိုက်စားမှုကို လျှော့ချနိုင်ခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြင့်မားနိုင်ခြင်း၊ ပြည်သူလူထု၏ တုံ့ပြန်မှုကို အလွယ်တကူ စစ်တမ်းကောက်ယူနိုင်ခြင်း၊ အစိုးရနှင့် ပြည်သူများအကြား အလှမ်းကွာဝေးမှုကို လျှော့ချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနရှိ Data အချက်အလက်များအား လုံခြုံစိတ်ချမှုရှိစေရန် Security နှင့် ပတ်သက်သည်များကို ဝန်ထမ်းများအနေဖြင့် အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သင်တန်းသင်ကြားပေးကြမည့် နည်းပြများအနေဖြင့်လည်း ICT နှင့် ပတ်သက်သည့် ကျင့်ဝတ် (Ethic) များကိုလည်း အထူးအလေးထားသင်ကြားပို့ချပေးစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို Inperson / Virtual ပုံစံနှစ်မျိုးဖြင့် ဇူလိုင် ၄ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ဦးစီးဌာနများမှ သစ်လွင်အရာရှိ စုစုပေါင်း ၁၉ ဦး တက်ရောက်လျက်ရှိသည်။ **သတင်းစဉ်**

# လူငယ်များသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ကြီးမားသည့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်



**နေပြည်တော် ဇူလိုင် ၅**

မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း လူငယ်ရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီဝင် ညွှန်ကြားရေးမှူးချုပ်များ၊ လူငယ်ရေးရာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က လူငယ်များသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ကြီးမားသည့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ထူးခြားသော အင်အားစုတစ်ရပ်ဖြစ်ပါကြောင်း၊ လူငယ်ရေးရာဦးစီးဌာနအနေဖြင့် နိုင်ငံတော်မှ ချမှတ်ပေးထားသော မူဝါဒ(၇)ရပ်၊ ရည်မှန်းချက် (၇)ရပ်၊ လုပ်ငန်းစဉ် (၁၀)ရပ်တို့နှင့်အညီ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်စေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း၊ မြန်မာနိုင်ငံ လူငယ်ရေးရာ လုပ်ငန်းကော်မတီ၏ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP) (၂၀၁၈-၂၀၃၀) ၏ မဟာဗျူဟာများ၊ ကုလသမဂ္ဂစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များနှင့် ချိတ်ဆက် အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုအစည်းအဝေးမှ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များကို မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းက ဦးစီးဌာန၏ ရည်မှန်းချက်များ၊ မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအဓိကကဏ္ဍများ၊ အာဆီယံတွင် လူငယ်ရေးရာဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက လူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုစသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာကိစ္စရပ်များကို အရှိန်အဟုန်မပြတ် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်စေရေး၊ အတွေးအခေါ်မှန်ကန်စေရေးနှင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများနှင့် ပတ်သက်၍ ဆွေးနွေး တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များကို ခြုံငုံသုံးသပ်ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ညောင်ရမ်းတောင်ရပ်ကွက်နေ ယွန်းနဒီဖူးသည် ၎င်းအသုံးပြုသည့် "Yoon Nadi Phoo" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်နေ သော်သော်အောင်သည် ၎င်းအသုံးပြုသည့် "MG" Facebook အကောင့်၊ ပုသိမ်ကြီးမြို့နယ်နေ အောင်ကိုထက်သည် ၎င်းအသုံးပြုသည့် "Jack Jack" Facebook အကောင့်၊ ပြင်ဦးလွင်မြို့နယ် ရေသရောက်ကုန်း ကျေးရွာနေ စောရန်နိုင်(ခ)သားညီသည် ၎င်းအသုံးပြုသည့် "Hein Thiha" Facebook အကောင့်နှင့် "Saw Yan Naing" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၆) ရပ်ကွက်နေ မာမာစိုးသည် ၎င်းအသုံးပြုသည့် "Mar Mar Soe" Facebook အကောင့်၊ သန်လျင်မြို့နယ် မြို့သစ်အလယ်ရပ်ကွက်နေ ဇာနည်ကိုကို(ခ)ဇာနည်နှင့် ဝင်းကိုကို(ခ)ဝင်းကိုတို့သည် ၎င်းတို့ အသုံးပြုသည့် "Zarni" Facebook အကောင့်၊ "Win Ko" Facebook အကောင့်၊ သဃ်န်းကျွန်းမြို့နယ် ဆ/ကရပ်ကွက်နေ မြတ်စိုးနွယ်သည် ၎င်းအသုံးပြုသည် "Myat Soe Nwe" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မွန်ဂိုလီးယားဝန်ကြီးချုပ် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆွေးနွေးရန် စင်ကာပူနိုင်ငံသို့ သွားရောက်မည်


မွန်ဂိုလီးယားဝန်ကြီးချုပ် လုဗ်ဆန်နမ်ရိုင် အိုယွန်အာဒီနီ။

**အူလန်ဘာတာ ဇူလိုင် ၅**

မွန်ဂိုလီးယားဝန်ကြီးချုပ် လုဗ်ဆန်နမ်ရိုင် အိုယွန်အာဒီနီသည် စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း၏ ဖိတ်ကြားချက်အရ စင်ကာပူနိုင်ငံသို့ ဇူလိုင် ၆ ရက်မှ ၉ ရက်အထိ သွားရောက်မည်ဖြစ်ကြောင်း မွန်ဂိုလီးယားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ခရီးစဉ်တွင် နှစ်နိုင်ငံကြားဆက်ဆံရေးကို တိုးမြှင့်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်သည် မွန်ဂိုလီးယားဝန်ကြီးချုပ်အတွက် ၁၁ နှစ်ကြာပြီးနောက် စင်ကာပူနိုင်ငံသို့ ပထမဆုံးအကြိမ် သွားရောက်မည့် ခရီးစဉ်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

ထို့ပြင် ဝန်ကြီးချုပ်၏ အဆိုပါခရီးစဉ်သည် စင်ကာပူနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသော နှစ်နိုင်ငံဆက်ဆံရေးကို ခိုင်မာစေရန် အမှန်တကယ် အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများ မြှင့်တင်ခြင်းနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးနှင့် အခြားသော အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍများကို တိုးချဲ့လုပ်ဆောင်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံ၌ ဇွန်လသည် နှစ်ပေါင်း ၆၀ အတွင်း အပူချိန်အမြင့်ဆုံးလအဖြစ် မှတ်တမ်းဝင်ခဲ့



**ပေကျင်း ဇူလိုင် ၅**

တရုတ်နိုင်ငံတစ်ဝန်း လစဉ်ပျမ်းမျှအပူချိန်သည် ဇွန်လတွင် ၂၁ ဒသမ ၃ ဒီဂရီဆဲလ်စီးရပ်စ်သို့ ရောက်ရှိခဲ့ပြီး ၁၉၆၁ ခုနှစ်နောက်ပိုင်း အပူချိန်အမြင့်ဆုံး လအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း တရုတ်နိုင်ငံ၏ ထိပ်တန်း မိုးလေဝသအေဂျင်စီက ဇူလိုင် ၅ ရက်တွင် ပြောသည်။

ဇွန်လအတွင်း အပူချိန်သည် ပုံမှန်အပူချိန်ထက် ၁ ဒသမ ၉ ဒီဂရီဆဲလ်စီးရပ်စ် မြင့်တက်ခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ်နှင့် အရှေ့ပိုင်း ရှန်ဒေါင်ပြည်နယ်တို့ အပါအဝင် ဒေသအများအပြား၌ ဇွန်လသည် သမိုင်းတစ်လျှောက် အပူချိန်အမြင့်ဆုံး လအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း တရုတ်မိုးလေဝသ စီမံခန့်ခွဲရေး၏ ထုတ်ပြန်ချက်အရ သိရသည်။

တရုတ်နိုင်ငံ၏ နေရာအနှံ့အပြားတွင် ဇွန် ၁၃ ရက်မှ ၂၆ ရက်အတွင်း အပူလှိုင်းဖြတ်မှုဖြစ်ပွားခဲ့ပြီး လူပေါင်း သန်း ၆၀၀ ကျော် ထိခိုက်ခံစားခဲ့ရကြောင်း၊ တရုတ်နိုင်ငံမြောက်ပိုင်း ဟူဘေးပြည်နယ်၌ ဇွန် ၂၅ ရက်တွင် အပူချိန် ၄၄ ဒီဂရီဆဲလ်စီးရပ်စ်အထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

ဇူလိုင်လတွင် တရုတ်နိုင်ငံတောင်ပိုင်း၊ အရှေ့တောင်ပိုင်း ဒေသများနှင့် အရှေ့ပိုင်းတွင် ယမန်နှစ်ကထက် အပူချိန် ကျဆင်းနိုင်ဖွယ်ရှိပြီး ကျန်ဒေသများတွင် အလားတူ သို့မဟုတ် ထိုထက် အပူချိန် မြင့်မားလာဖွယ်ရှိကြောင်း တရုတ်အမျိုးသား မိုးလေဝသစင်တာမှ လက်ထောက်ညွှန်ကြားရေးမှူးဖြစ်သူ ဖန်ရှောင်က ပြောသည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၀၈၆ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ ဇူလိုင် ၅**

အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၀၈၆ ဦး ထပ်မံတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၃၅၃၁၆၅၀ အထိ ရှိလာပြီဖြစ်ကြောင်း ဇွန် ၅ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော နောက်ဆုံးအချက်အလက်အရ သိရသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ ၁၉ ဦး ရှိသည့်အတွက် အဆိုပါရောဂါဖြင့် သေဆုံးသူစုစုပေါင်း ၅၂၅၂၄၂ ဦး အထိ ရှိလာပြီဖြစ်သည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ဆဲလူနာအရေအတွက် ၁၁၄၄၇၅ ဦးအထိ မြင့်တက် လာပြီး ယခင်ရက်က ပိုးတွေ့ဆဲလူနာအရေအတွက်ထက် ၆၁၁ ဦး တိုးလာကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၌ ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ ၄၂၈၉၁၉၃၃ ဦး ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၇၈၄ ဦး ထပ်မံတွေ့ရှိ

**စင်ကာပူ ဇူလိုင် ၅**

စင်ကာပူနိုင်ငံသည် ဇူလိုင် ၅ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၇၈၄ ဦး ထပ်မံတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၄၈၅၉၆၄ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကူးစက်ခံရသူများအနက် ၈၃၉ ဦးသည် ပီစီအာရ်နည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ပြီး ၁၁၉၄၅ ဦးသည် အေအာရ်တီနည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော နောက်ဆုံးအချက်အလက်အရ သိရသည်။ ပီစီအာရ်နည်းဖြင့် စစ်ဆေးတွေ့ရှိသူ ၈၃၉ ဦးအနက် ၈၀၂ ဦးသည် ပြည်တွင်းကူးစက်မှုဖြစ်ပြီး ၃၇ ဦးသည် ပြည်ပပြန် ကူးစက်မှုဖြစ်ကြောင်း သိရသည်။ ထို့ပြင် အေအာရ်တီနည်းဖြင့် စစ်ဆေးတွေ့ရှိသူ ၁၁၉၄၅ ဦးအနက် ၁၁၄၄၆ ဦးသည် ပြည်တွင်းကူးစက်မှုဖြစ်ပြီး ၄၉၉ ဦးသည် ပြည်ပပြန်ကူးစက်မှုဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံ၌ လက်ရှိတွင် စုစုပေါင်း ၆၈၃ ဦးသည် ဆေးကုသမှုခံယူလျက်ရှိပြီး ၁၆ ဦးသည် အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူနှစ်ဦးရှိသည့်အတွက် အဆိုပါရောဂါဖြင့် သေဆုံးသူ စုစုပေါင်း ၁၄၂၀ ဦးအထိ ရှိလာပြီဖြစ်သည်။ **ဆင်ဟွာ**



# လာအိုနိုင်ငံ၌ ပထမနှစ်ဝက်အတွင်း သွေးလွန်တုပ်ကွေးရောဂါကူးစက်ခံရသူ ၆၀၀၀ ကျော်ရှိလာ

**ဗီယင်ကျန်း ဇူလိုင် ၅**

လာအိုနိုင်ငံသည် ၂၀၂၂ ခုနှစ် ပထမနှစ်ဝက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူ ၆၀၄၇ ဦးရှိပြီး အဆိုပါ ရောဂါကြောင့် သေဆုံးသူ ရှစ်ဦးရှိကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။



လာအိုနိုင်ငံ၏ မြို့တော် ဗီယင်ကျန်းသည် သွေးလွန်တုပ်ကွေးရောဂါကူးစက်ခံရသူများအနက် ၃၁၉၃ ဦးဖြင့် အများဆုံး ကူးစက်ဖြစ်ပွားသော မြို့ဖြစ်ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေး ဆိုင်ရာ သတင်းအချက်အလက်နှင့် ပညာရေးစင်တာ၏ အစီရင်ခံစာအရ သိရသည်။

ထို့ကြောင့် လာအိုအာဏာပိုင်များသည် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုကို ထိထိရောက်ရောက် ဟန့်တားနိုင်ရန်အတွက် မိမိတို့၏အိမ်များနှင့် လုပ်ငန်းခွင်နေရာဝန်းကျင်၌ ခြင်ပေါက်ပွားနိုင်ခြေရှိသောနေရာများကို ရှင်းလင်းကြရန် ပြည်သူများကို ဆက်လက် တိုက်တွန်းထားသည်။

**ဆင်ဟွာ**

# တရားမဝင် မူးယစ်ဆေးဝါး ရောင်းချမှုဖြင့် လူကိုးဦးကို အာဖဂန်ရဲတပ်ဖွဲ့ ဖမ်းဆီး

**ကဘူးလ် ဇူလိုင် ၅**

အာဖဂန်ရဲတပ်ဖွဲ့သည် တရားမဝင် မူးယစ်ဆေးဝါးရောင်းချမှုဖြင့် ပြည်နယ်လေးခုမှ လူကိုးဦးကို ဖမ်းဆီးလိုက်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဇူလိုင် ၅ ရက်တွင် ပြောသည်။

သံသယရှိသော မူးယစ်ဆေးဝါးရောင်းချသူ ကိုးဦးကို ကဘူးလ်၊ ကွန်ဒုဇ်၊ ဆာရီပေါလ်နှင့် နင်မ်ရော့ဇ်ပြည်နယ်တို့မှ လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက လူမှုကွန်ရက်တွင် ဖော်ပြထားသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် မူးယစ်ဆေးစွဲသူ သုံးသန်းဝန်းကျင်ခန့်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ဇူလိုင် ၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂၆ ရာခိုင်နှုန်းရှိ

(၅-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၀၅၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၉၆,၁၈၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၆၇၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၅၉၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၅-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၀၃) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၄) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၃၀၂) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၉၆) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၄၄) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၄၀၃) ခု | (၇) ဦး |
| စုစုပေါင်း | (၅,၀၅၂) ခု | (၁၃) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ပို့ဆောင်



**နေပြည်တော် ဇူလိုင် ၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို သတ်မှတ် အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကာကွယ်ဆေး သိုလှောင်ခန်း၌ ထားရှိသည့် ဆေးတစ်လုံးလျှင် လူငါးဦး ထိုးနှံနိုင်သော Sinopharm ဆေးများကို ယနေ့တွင် ဆက်လက်ပို့ဆောင်ပေးရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့သို့ ကာကွယ်ဆေး ၂၀၉၀၀ နှင့် ဆေးထိုးအပ်များ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ ကာကွယ်ဆေး ၁၀၁၂၆ လုံးနှင့် ဆေးထိုးအပ်များ၊ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ကာကွယ်ဆေး ၁၆၂၇၅ လုံး(**အပေါ်ပုံ**)နှင့် ဆေးထိုးအပ်များ၊ သံတွဲမြို့သို့ ကာကွယ်ဆေး ၈၂၉၇ လုံးနှင့် ဆေးထိုးအပ်များ၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ ကာကွယ်ဆေး ၁၃၀၇၇ လုံးနှင့် ဆေးထိုးအပ်များ၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ကာကွယ်ဆေး ၂၃၆၈၇ လုံးနှင့် ဆေးထိုးအပ်များ၊ ချင်းပြည်နယ် ပလက်ဝမြို့သို့ ကာကွယ်ဆေး ၈၀၀ နှင့် ဆေးထိုးအပ်များ၊ တီးတိန်မြို့သို့ ကာကွယ်ဆေး ၁၀၀၀ နှင့် ဆေးထိုးအပ်များ၊ တွန်းဇံမြို့သို့ ကာကွယ်ဆေး ၇၂၀ နှင့်ဆေးထိုးအပ်များကို တပ်မတော်လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးသည်။

အဆိုပါကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများက လက်ခံခဲ့ကြပြီး သက်ဆိုင်ရာ နေရာများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇူလိုင် ၅**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၅ နှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်နှင့် ရန်ကင်းမြို့နယ်တို့၌ ဒေသခံပြည်သူ ၅၁၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၈၈၀၉ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၀၁၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၃၂၆၉ ဦး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ပဲခူးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၃၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်း ဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၄၉၆၅၉ ဦးနှင့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ၄၆၂၀ တို့ကိုတပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၁ ရက် မွန်းလွဲပိုင်းက ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှအဆက်)*

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး** က ယခုရက်ပိုင်းအတွင်း နိုင်ငံရေးပါတီများအကြားတွင်ပြောနေသည်မှာ အသစ်ထွက်လာမည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေတွင် နိုင်ငံရေးပါတီများအားလုံး ပြန်လည်မှတ်ပုံတင်ရမည်ဖြစ်ပြီး လူဦးရေတိုးမြှင့်ကန့်သတ်ချက်များပါနေသည်ဆိုသည့် သတင်းစကားများထွက်နေကြောင်း၊ ယင်းကိစ္စသည်အမှန်ဖြစ်၊ မဖြစ် သိလိုပါကြောင်း၊ ထို့ပြင် နိုင်ငံရေးပါတီများကို စစ်ဆေးသည့်အချိန်တွင် နိုင်ငံရေးပါတီရန်ပုံငွေများကို ဥပဒေနှင့်မညီဘဲ သုံးစွဲခြင်းမျိုးကို စိစစ်တွေ့ရှိခြင်း ရှိ/ မရှိ၊ NLDပါတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ဒုဥက္ကဋ္ဌ ဒေါက်တာဇော်မြင့်မောင်တို့ကို အဂတိလိုက်စားမှုဖြင့် တရားစွဲဆိုထားကြောင်း၊ အဂတိဖြင့်ရရှိသည့်ငွေကြေးများကို ပါတီအတွက် အသုံးပြုထားခြင်းမျိုး စိစစ်တွေ့ရှိခြင်း ရှိ/ မရှိ၊ ယင်းကိစ္စများအတွက် သီးခြားအရေးယူမှုများရှိလျှင် သိလိုပါကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က သတင်းထောက်ကြီးမေးသည့် မေးခွန်းနှင့်ပတ်သက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို အသစ်ပြဋ္ဌာန်းရန် ဆောင်ရွက်နေကြောင်း၊ အလားတူ သက်ဆိုင်ရာနည်းဥပဒေကိုလည်း ထုတ်ပြန်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြောင်း၊ နိုင်ငံရေးပါတီများကို စစ်ဆေးတွေ့ရှိချက်အရ သော်လည်းကောင်း၊ နိုင်ငံရေးပါတီများကို ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများဖြစ်လာရန် ရည်ရွယ်ပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေကို ပြင်ဆင်ခြင်းဖြစ်ကြောင်း၊ ထိုသို့ပြင်ဆင်သည့်အခါ နိုင်ငံရေးပါတီတစ်ခုအနေဖြင့် ရှိသင့်ရှိထိုက်သည့် လူအင်အားများ၊ ပါတီဝင်အင်အားများရှိရန်၊ ဤနေရာတွင် တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုတွင် စည်းရုံးမည့်ပါတီ၊ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဆိုပြီး ကွဲပြားခြင်းရှိကြောင်း၊ ပါတီအမျိုးအစားအလိုက်ရှိသင့်သည့် စည်းရုံးသင့်သည့် အင်အားများ၊ ရှိသင့်သည့် ဘဏ္ဍာငွေကြေးများ၊ ၎င်းတို့၏ ပါတီရုံးခွဲများကိုလည်း ရှိသင့်ရှိထိုက်သည့်ပါတီရုံးခွဲများရှိရန်၊ ထို့ပြင် ပါတီများသည် ရွေးကောက်ပွဲတွင် သင့်တင့်ထိုက်သင့်သည့် ယှဉ်ပြိုင်မှုများဖြင့် ယှဉ်ပြိုင်နိုင်ရန် လိုအပ်ကြောင်း၊ ထိုအချက်အလက်နှင့် ပြည့်စုံပြီး ခိုင်မာအားကောင်းသည့် ပါတီများဖြစ်လာရန်ရည်ရွယ်၍ လိုအပ်သည်များ ထည့်သွင်းပြီး ပြဋ္ဌာန်းနိုင်ရန် မိမိတို့ ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ အတိအကျ အသေးစိတ်ကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေထွက်လာသည့်အချိန်တွင် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ ပါတီများစစ်ဆေးရာတွင် ငွေစာရင်းနှင့်ပတ်သက်ပြီး ပါတီ ၈၀ ကျော် စစ်ဆေးပြီးဖြစ်ကြောင်း၊ NLD ပါတီကို မစစ်ဆေးရသေးကြောင်း၊ စစ်ဆေးရန် ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ပါတီပိုင်ငွေများကို သုံးစွဲခြင်းသည် သက်ဆိုင်ရာပါတီများ၏ ဖွဲ့စည်းပုံစည်းမျဉ်းအရ၊ ၎င်းတို့ ကော်မတီအရ၊ သုံးစွဲပိုင်ခွင့်အရ သုံးစွဲခြင်းမျိုးရှိကြောင်း၊ သို့သော်ထိုငွေများရရှိလာသည့် အကြောင်းရင်းကိုမူ ယင်းပါတီငွေကြေး အဝင်/ အထွက်ကို မစစ်ဆေးရသည့်အတွက် မိမိတို့အနေဖြင့် ယခုအချိန်တွင် အတိအကျ ပြောဆိုနိုင်ခြင်းမရှိကြောင်း၊ စစ်ဆေးခဲ့ပြီးသည့်ပါတီများ အနေအထားမှာ ပါတီများ၏ ငွေစာရင်း၊ တချို့စာရင်းဇယားများကို စစ်ဆေးတွေ့ရှိရသည့် အားနည်းချက်များ၊ လိုအပ်ချက်များကို သက်ဆိုင်ရာအစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများလည်းပါသည့်အတွက် စနစ်တကျဖြစ်အောင် လိုအပ်သည်များကိုပြသပြီး စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် မှာကြားခဲ့ခြင်း၊ ပြုပြင်ပေးခြင်းများဆောင်ရွက်ခဲ့ကြောင်း ဖြေကြားသည်။

**မြန်မာသံတော်ဆင့်သတင်းဌာနမှ အယ်ဒီတာ ဦးကိုကိုကြီး**က ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမတိုင်မီ အာဏာရပါတီသည် ရွေးကောက်ပွဲအောင်နိုင်ရေးအဖွဲ့ ဖွဲ့သော်လည်း ထိုအောင်နိုင်ရေးအဖွဲ့များသည် နိုင်ငံရေးအာဏာရှိသူများ ပါဝင်ပတ်သက်နေသည်ကို တွေ့ရကြောင်း၊ ယင်းအာဏာကိုအသုံးပြုပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးများကို ဝင်ရောက်စွက်ဖက်ပြီး မှတ်တမ်းဟောင်းများ၊ မဲစာရင်းအဟောင်းများကို သုသာန်များသို့ ယူဆောင်ပြီး မီးရှို့ဖျက်ဆီးခြင်းများ တွေ့ရကြောင်း၊ ယင်းကိစ္စများသည် ဥပဒေနှင့် ညီ/မညီ သိလိုပါကြောင်း၊ မီးရှို့ဖျက်ဆီးခဲ့သည့် ခရိုင်/မြို့နယ်များ၏ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်ဦးရေမည်မျှ အရေးယူထားသည်ကို သိလိုကြောင်းနှင့် ရွေးကောက်ပွဲအောင်နိုင်ရေးအဖွဲ့ဝင်များကို မြို့နယ်အလိုက် မည်မျှအရေးယူထားသည်ကို သိလိုပါကြောင်း မေးမြန်းသည်။




သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များ။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က သတင်းထောက်ကြီးမေးသည့်အပိုင်းတွင် အပိုင်းနှစ်ပိုင်းရှိပါကြောင်း၊ တစ်ပိုင်းက မီးရှို့ဖျက်ဆီးသည့် အပိုင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများသည် လွှတ်တော်သက်တမ်းတစ်ခုအတွင်းတွင် ထိန်းသိမ်းရသည့် ရွေးကောက်ပွဲဆိုင်ရာ စာရွက်စာတမ်းများရှိကြောင်း၊ လွှတ်တော်သက်တမ်း ငါးနှစ်ပြည့်သည့်အခါ နောက်ရွေးကောက်ပွဲကျင်းပပြီး နောက်ပိုင်းတွင် မီးရှို့ဖျက်ဆီးခြင်းသည် ပုံမှန်မီးရှို့ဖျက်ဆီးခြင်းလုပ်ငန်းဖြစ်ကြောင်း၊ ယင်းသည် မီးရှို့၍ဖြစ်စေ၊ ဖျက်ဆီးပစ်ရမည့် အခွင့်အာဏာအရဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယင်းမှာရုံးများတွင်ရှိသည့် မှတ်တမ်းများ ငါးနှစ်ရှိသည့်အတွက် နောက်ရွေးကောက်ပွဲလည်း ပြီးသွားသည့်အချိန်တွင် လုံခြုံရေးအဆင့်အတန်းလျှော့ချပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယင်းသည် လုပ်ထုံးလုပ်နည်းအရ စနစ်တကျ မှတ်တမ်းတင် တင်ပြပြီး ခွင့်ပြုချက်ရယူ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

နောက်တစ်ခုမှာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ ရွေးကောက်ပွဲအတွက် ကြိုတင်မဲပေးသည့်ကာလတွင် ကြိုတင်မဲလက်မှတ်များကို မီးရှို့ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်နှစ်ခုဖြစ်ခဲ့ကြောင်း၊ လပွတ္တာမြို့နယ် ညောင်လိမ်ကျေးရွာ အုပ်စုတွင် တစ်ကြိမ်နှင့် မြစ်ကြီးနားမြို့နယ် ရမ်ပူရပ်ကွက်တို့တွင် တစ်ခုဖြစ်ခဲ့ကြောင်း၊ ကြိုတင်မဲလက်မှတ်များကို မီးရှို့ခြင်း၊ မဲလက်မှတ်များကို မြို့နယ်ရုံးမှ ယူပြီး ဆန္ဒမဲပြုသည့်နေရာတွင် တရားမဝင်အသုံးပြုကြောင်း၊ ပြီးမှ ပိုသည့်ဆန္ဒမဲလက်မှတ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ယင်းကိစ္စများကို ယခင်သတင်းစာရှင်းလင်းပွဲတွင် တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ ယင်းကိစ္စများနှင့် ပတ်သက်ပြီး ပါဝင်သည့် ဩဇာလွှမ်းမိုးပြီးခိုင်းစေသူများရောလက်တွေ့ပါဝင်ပတ်သက် ကျူးလွန်သူများကိုပါ ဥပဒေနှင့်အညီ ရဲစခန်းများတွင် တိုင်တန်းပြီး အမှုဖွင့်ထားခြင်းမျိုးလည်းရှိကြောင်း၊ သက်ဆိုင်ရာတရားရုံးများတွင် ဦးတိုက်လျှောက်ထားပြီး သက်ဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ အရေးယူထားသည့်အရေအတွက်ကို မိမိအစောပိုင်းက ရှင်းလင်းတင်ပြသည့်အထဲတွင် ပါဝင်ကြောင်း၊ သက်ဆိုင်သူများကို စာရင်းဇယားများအတိုင်း အရေးယူဆောင်ရွက်ထားကြောင်း ဖြေကြားသည်။

**Myanmar Nation Voice သတင်းဌာနမှ သတင်းထောက် ဒေါ်ဆွေဇင်ဦး** က UDP ကို မတရားအသင်းအဖြစ် ကြေညာခဲ့သည့်အချိန်က အင်မတန်မြန်ဆန်ခဲ့ကြောင်း၊ NLD ပါတီကို တရားမဝင်အသင်းအဖြစ် ကြေညာနိုင်ရန် ခိုင်လုံသည့်အထောက်အထား သက်သေများမရှိသေးဘူးလား၊ ပါတီပိုင်ငွေများကို EC မထိုင်ဘဲ လိုသလို သုံးစွဲနေခြင်းသည် အဂတိမြောက်ပါသလား၊ တိုင်ကြားမှု သို့မဟုတ် ကျော်ဇောမှုများ ဖြစ်လာလျှင် UEC က မည်သို့ ပါဝင်ဆောင်ရွက်ခွင့်၊ မည်ကဲ့သို့ ဆုံးဖြတ်ခွင့်များရှိသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က UDP ပါတီကို အားလုံးသိသည့်အတိုင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၂ (က) ရပ်တည်ပိုင်ခွင့်မရှိသည့် ပုဒ်မအရ ၂၀၂၀ ပြည့်နှစ် ၁၀ လပိုင်းတွင် ဖျက်သိမ်းခဲ့ခြင်းရှိကြောင်း၊ သတင်းထောက်ကြီး က NLD ပါတီကို မတရားအသင်းအဖြစ်ကြေညာရန် ခိုင်လုံသည့် သက်သေရှိ/မရှိ မေးသည်ဟုနားလည်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယခင်က ဖြေခဲ့သကဲ့သို့ တည်ဆဲနိုင်ငံရေးပါတီ ၉၂ ပါတီထဲက ၈၄ ပါတီကို စစ်ဆေးပြီးဖြစ်ကြောင်း၊ လက်ရှိတစ်ပါတီက စစ်ဆေးဆဲဖြစ်ကြောင်း၊ NLD ပါတီအပါအဝင် ခုနစ်ပါတီက စစ်ဆေးရန်ကျန်ရှိနေသေးကြောင်း၊ စစ်ဆေးနိုင်ရေးဆောင်ရွက်ဆဲလုပ်ငန်းများရှိကြောင်း၊ သက်ဆိုင်သည့် စာရင်းဇယားများ အားလုံးပါဝင်ကြောင်း၊ CEC ကအစ၊ ပါတီဝင် အင်အားစာရင်းကအစ၊ သက်ဆိုင်သည့်အချက်အလက် ၂၀ ခန့်ကို စစ်ဆေးကြောင်း၊ ယင်းအချက်အလက်များကို ခိုင်ခိုင်မာမာအတည်ပြုပြီး လက်ရှိအခြေအနေတွင် အတည်ပြုနိုင်သည့် အနေအထားမျိုးတွင် ကျူးလွန်မှုနှင့်ပတ်သက်၍ မိမိတို့ တိတိကျကျ ဖော်ထုတ်ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း။

အခိက မစစ်ဆေးရသေးသည့်အတွက် စစ်ဆေးရန် ဆောင်ရွက်နေကြောင်း၊ စစ်ဆေးပြီးမှ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် ပါတီပိုင်ငွေကြေးများသုံးစွဲခြင်း၊ EC သုံးသည့် ကိစ္စများသည် ငွေကြေးကိစ္စနှင့်ပတ်သက်၍ မိမိဖြေကြားသည့်အတိုင်း ပါတီပိုင်ငွေကြေးများ၊ EC များကနေ ယင်း၏စည်းမျဉ်းနှင့်အညီ သုံးပိုင်ခွင့် အတိုင်းအတာနှင့် သုံးစွဲခြင်းဖြစ်ကြောင်း၊ တရားမဝင်သုံးစွဲခြင်းနှင့် ပတ်သက်ပြီး ပါတီဝင်တစ်ဦးကဖြစ်စေ၊ တခြားသူတစ်ဦးကဖြစ်စေ တိုင်ကြားခြင်း၊ တခြားနည်းတစ်ခုခုဖြင့်ဖြစ်စေ မည်သည့်နည်းဖြစ်စေ UEC က သိလျှင် ဥပဒေနှင့်အညီ စစ်ဆေးပြီး လိုအပ်သလို အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ **Myanmar Nation Voice သတင်းဌာနမှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က ရွေးကောက်ပွဲကလည်း အလွန်ပင်နီးလာပြီဟု ယူဆပါကြောင်းနှင့် ခုနစ်ပါတီကို မည်သည့်အတွက်ကြောင့် စစ်ဆေးရန် နှောင့်နှေးကြန့်ကြာနေရသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ပါတီများကို ၂၃-၈-၂၀၂၁ တွင် စတင်စစ်ဆေးခဲ့သည့်အတွက် တစ်နှစ်နီးပါးရှိပြီဖြစ်ကြောင်း၊ ကြန့်ကြာနေသည့် ၁၀ ပါတီရှိကြောင်း၊ ကြန့်ကြာနေရခြင်းအကြောင်းမှာ တချို့ပါတီခေါင်းဆောင်များသည် ထွက်ပြေးတိမ်းရှောင်နေကြောင်း၊ တချို့ဥက္ကဋ္ဌ၊ တာဝန်ရှိသူများက ကျန်းမာရေးဆိုးရွားနေသည်ဟူ၍ ပြောဆိုခြင်းရှိကြောင်း၊ ထွက်ပြေးတိမ်းရှောင်နေသည်များလည်းရှိကြောင်း၊ တချို့မှာ စစ်ဆေးခံရန် စာရင်းဇယားများ၊ လူများကို ပြန်စုဖွဲ့ပြီး စစ်ဆေးနိုင်ရန်ပြန်ပြီး ဆောင်ရွက်နေဆဲများရှိကြောင်း၊ ယင်းကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့်ဖြစ်သည့်အတွက် စစ်ဆေးနိုင်ရေးကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

*စာမျက်နှာ ၁၇ သို့*

**❖ အားလုံးမှာ မိမိတို့၏ နိုင်ငံသူ၊ နိုင်ငံသားများသာဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ပတ်သက်လာလျှင် မြန်မာ့အရေးကို အတူပူးပေါင်း၍ ဆောင်ရွက်ရမည့်သူများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ဖိတ်ခေါ်ရခြင်းဖြစ်**

**❖ ထိုသို့ ဒုက္ခရောက်နေသူများနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ကြိုဆိုလက်ခံရေးစခန်းများကို မိမိတို့နိုင်ငံဘက်တွင်သာမက ထိုင်းနိုင်ငံဘက်၌ပါ ဖွင့်လှစ်ခဲ့**

*စာမျက်နှာ ၁၆ မှ*

ဆက်လက်၍ **Myanmar Nation Voice သတင်းဌာနမှ သတင်းထောက် ဒေါ်ဆွေဇင်ဦးက** မည်သည့်အချိန်နောက်ဆုံးဟူ၍ အချိန်သတ်မှတ်ပေးရန် ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** လတ်တလောတွင် အချိန်သတ်မှတ်ခြင်းမျိုးမရှိကြောင်း၊ သို့သော် ပြီးသင့်သည့်အချိန်တွင် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**Cohesion News Agency မှ သတင်းထောက် ဦးရဲလင်းထွန်းက** ယခုအချိန်ထိ ငြိမ်းချမ်းမှုမရှိသေးသည့်အတွက် တပ်မတော်အာဏာ ထိန်းကာလ နှစ်နှစ်အတွင်း ရွေးကောက်ပွဲကို အချိန်မီကျင်းပပြုလုပ်နိုင်ပါမည်လား၊ UEC အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို မည်သို့တိုက်တွန်းအကြံပြု ပြောကြားလိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးက** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ငန်းစဉ် (၅) ရပ်မှ အမှတ်စဉ် (၅) အရ အရေးပေါ်ကာလဆိုင်ရာကိစ္စများ ဆောင်ရွက်ပြီးလျှင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရန် မိမိတို့ တာဝန်ဖြစ်ကြောင်း၊ ထို့သို့လုပ်နိုင်ရန် မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း၊ အခြေခံ မဲဆန္ဒရှင်စာရင်းပြုစုရန် လိုအပ်သည်များ ပြင်ဆင်ပြုစု ဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရန် မဲဆန္ဒရှင်များက မိမိ၏ဆန္ဒမဲတစ်ပြားကို နှောင်ကြိုး၊ ဖိအားအကျပ်ကိုင် ခြိမ်းခြောက်မှုမပါဘဲ လွတ်လွတ်လပ်လပ် ဆန္ဒမဲပေးနိုင်ရန် အနေအထားရှိရန်လိုကြောင်း၊ ယင်းအခြေအနေသည် သက်ဆိုင်ရာ ရွေးကောက်ပွဲကျင်းပသည့် နယ်မြေသည် လုံခြုံမှု၊ အေးချမ်းသာယာရေး၊ တရားဥပဒေ စိုးမိုးရေး ရှိရန်လိုအပ်ကြောင်း၊ သက်ဆိုင်သည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ သက်ဆိုင်သည့် နယ်မြေလုံခြုံရေးနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများကလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မဲဆန္ဒရှင် ပြည်သူလူထုတစ်ရပ်လုံးကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်လျှင် ရည်မှန်းချက်ကို အမြန်ဆုံး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဖြေကြားသည်။

**General Life သတင်းဌာနမှ အယ်ဒီတာ ဦးအောင်ထူးထက်က** ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကာလတွင် မိမိသည် ကသာ၊ ကောလင်း၊ ဝန်းသိုဒေသများတွင် ရောက်ရှိနေခဲ့ကြောင်း၊ ထိုနေရာ၌ ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့များတွင် အင်အားကြီးသည့် ပါတီတစ်ခုက တာဝန်ပေးခိုင်းသည့် ပါတီဝင်အများစု ပါနေသည်ကို တွေ့ရကြောင်း၊ ယခုကျင်းပမည့် ရွေးကောက်ပွဲအချိန်ကလည်း သိပ်မကျန်တော့ကြောင်း၊ ရှေ့ကသာခကကို မိမိပြောခြင်းဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများက ၎င်းတို့ စီးပွားရေးအရ အကျိုးတံဆိပ်ရိုက်ရောင်းကြခြင်း၊ ထို့ပြင် ရွာထဲရှိမဲဆန္ဒရှင်များကို လိုက်စည်းရုံးခြင်းစသည်တို့ကို တွေ့ရကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင် ထိုသို့မဖြစ်ရန် မည်သို့ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန် အစီအစဉ်များ ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** ရွေးကောက်ပွဲတွင် ဒိုင်လုပ်ဆောင်မည့်အဖွဲ့ဟု ပြောရမည့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၊ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်၊ ခရိုင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းပေးထားကြောင်း၊ အများယုံကြည်ရသည့် ပုဂ္ဂိုလ်များကိုလည်း ထည့်သွင်းဖွဲ့စည်းထားကြောင်း၊ ရုံးအဖွဲ့များမှလည်း ပေါင်းစပ်ဆောင်ရွက်ရကြောင်း၊ သက်ဆိုင်ရာ အဖွဲ့ခွဲတာဝန်ခံအရာရှိများက အတွင်းရေးမှူးအဖြစ် ပါဝင်ဆောင်ရွက်ရကြောင်း၊ အလားတူ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ၎င်းတို့အောက်ရှိ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းပေးရကြောင်း၊ ယင်းသို့ ဖွဲ့စည်းရာတွင် မည်သို့သောပုဂ္ဂိုလ်များကို ထည့်သွင်းဖွဲ့စည်းရမည်ဆိုသည်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတွင် ပါပြီးဖြစ်ကြောင်း၊ အသက်ကန့်သတ်ချက်၊ အများယုံကြည်သော ပုဂ္ဂိုလ်များ၊ ပါတီနိုင်ငံရေးကင်းရှင်းရမည်၊ ပြစ်မှုပြစ်ဒဏ်ကင်းရှင်းသူများလည်း ဖြစ်ရမည် စသည်ဖြင့် ကိုက်ညီရမည့် အချက်များကို အသေးစိတ်ပြဋ္ဌာန်းထားကြောင်း။

သို့သော် ပြီးခဲ့သည့် ၂၀၂၀ ရွေးကောက်ပွဲသည် သတင်းထောက်ကြီး ပြောသကဲ့သို့ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့်တွင် ပါတီနိုင်ငံရေးမကင်းရှင်းသူများပါဝင်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ် အဆင့်ဆင့်မှ မဲဆွယ်စည်းရုံးသည့် လုပ်ငန်းစဉ်များတွင် လည်းကောင်း ကြိုတင်မဲကောက်ခံသည့် လုပ်ငန်းစဉ်များတွင်လည်းကောင်း မဲမသမာမှုများ၊ တရားမဲ့ပြုကျင့်မှုများရှိခဲ့ကြောင်း၊ ထို့ကြောင့် ယင်းကိစ္စများတွင် ကျူးလွန်ခဲ့သူများအား အရေးယူဆောင်ရွက်နေရသည်များ ရှိကြောင်း၊ နောင်ရွေးကောက်ပွဲများတွင်လည်း အလားတူ ပြစ်မှုများ မဖြစ်ပွားစေရန် ပြစ်မှုအမျိုးအစားအလိုက် ထိရောက်ဟန့်တားသည့် ထိုက်သင့်သည့်ပြစ်ဒဏ်များကို လိုအပ်သလို ပြင်ဆင်ရေးဆွဲထားကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ Timeline အရ တာဝန်ပေးရမည့်အချိန်နှင့်ကိုက်ညီပြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်က အများယုံကြည်သော ပုဂ္ဂိုလ်များကို ခန့်အပ်တာဝန်ပေးအပ်မည်ဖြစ်ကြောင်း၊ ယင်းသို့ တာဝန်ပေးအပ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ယခင်ရွေးကောက်ပွဲမှ သင်ခန်းစာရယူပြီး ပါတီနိုင်ငံရေးကင်းရှင်းသည့် သမာသမတ်ကျသည့် အများယုံကြည်သည့် ပုဂ္ဂိုလ်များဖြင့် ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

**သူရိယနေဝန်းဂျာနယ်မှ ဦးမိုးဟိန်းက** ယခုလတ်တလော ဖြစ်ပွားနေသည့် ဥက္ကရစ်ထတိုက်ပွဲတွင် ပြည်ထောင်စုအတွက်၊ နိုင်ငံတော်အတွက် အသက်ပေး၍ ခုခံတိုက်ခိုက်ခဲ့ကြသည့် တပ်မတော်သားညီအစ်ကိုတော်များကို ယခုသတင်းစာရှင်းလင်းပွဲမှတစ်ဆင့် ဂုဏ်ယူပါသည်ဟု ပြောလိုကြောင်း၊ အောင်ပွဲများဆက်လက်၍ ရရှိစေလိုသည်ဟု ဆန္ဒပြုလိုက်ရပါကြောင်း၊ မိမိအနေဖြင့် ဇွန် ၂၈ ရက်တွင် နိုင်ငံတော်အစိုးရကထုတ်ပြန်ခဲ့သည့် ပြည်တွင်း၊ ပြည်ပရောက် ကျောင်းသားလူငယ်များနှင့် CDM ဝန်ထမ်းများကို ပြန်လည်ဝင်ရောက်လာကြရန် အတွက် သဘောထားကြေညာချက်ကို ထောက်ခံ၍ မေးမြန်းသွားမည်ဖြစ်ကြောင်း၊ အမိနိုင်ငံတော်သို့ပြန်လာရန် စဉ်းစားနေကြသည့် ညီအစ်ကိုတော်များကို မိမိအနေဖြင့် ပြောလိုသည်မှာ ယခုထုတ်ပြန်ခဲ့သည့် ကြေညာချက်၌ ပြည်သူ့ဘဝထဲတွင် အေးချမ်းစွာ နေထိုင်ရန် အာမခံချက်ပေးထားသည်ဟု အတိအလင်းဖော်ပြထားကြောင်း၊ ထို့ကြောင့် ပြန်လာရန်နှင့် ပြန်မလာရန်အတွက် စဉ်းစားနေကြသည့် ညီအစ်ကိုတော်များအနေဖြင့် ယခုကြေညာချက်သည် တစ်နည်းအားဖြင့် လွတ်ငြိမ်းချမ်းသာခွင့်နီးပါး အဓိပ္ပာယ်သက်ရောက်သည့်သဘောဖြင့် ကြေညာချက်ဖြစ်သည်ဟု ပြောလိုကြောင်း၊ အင်မတန်ဝမ်းသာဖို့ကောင်းသည့် ကြေညာချက်ဖြစ်ကြောင်း၊ ပြန်လာခဲ့ကြရန် တိုက်တွန်းလိုကြောင်း၊ အိမ်အပြန်လမ်းကို မပြန်နိုင်ခဲ့သူများလည်း အများအပြားရှိခဲ့ကြောင်း။

မိမိအနေဖြင့် အမေရိကတွင် နေထိုင်စဉ် ကဗျာဆရာကြီးတင်မိုးနှင့်တွေ့ဆုံခဲ့ကြောင်း၊ ထိုသို့ တွေ့ဆုံစဉ် ဆရာကြီးက မိမိကို "အိမ်ပြန်ချင်တယ်ကွာ၊ မြန်မာပြည်ပြန်ချင်တယ်"ဟု ပြောခဲ့ကြောင်း၊ သို့သော် ဆရာကြီးမှာ အိမ်မပြန်နိုင်ခဲ့ရှာကြောင်း၊ သူရေးထားသည့် ကဗျာလေးကို မိမိအားရွတ်ပြခဲ့ကြောင်း၊ ၎င်းကိုယ်တိုင် ရေးသားထားသည့် ကဗျာလေးဖြစ်သည့် "ဆေးလိပ်လည်းတို၊ နေလည်းညိုပြီ၊ ငါ့ကို အိမ်ပြန်ပို့ကြပါတော့" ဟု ဆိုသည့် ကဗျာတိုလေးကို ဆရာကြီးတင်မိုးကိုယ်တိုင် မိမိကို ရွတ်ပြခဲ့ဖူးကြောင်း၊ မိမိအနေဖြင့်လည်း အိမ်ကိုရောက်အောင်ပြန်ခဲ့သူဖြစ်ကြောင်း၊ ညီအစ်ကိုတော်များဖြစ်ကြသည့် ကျောင်းသားလူငယ်များနှင့် CDM ဝန်ထမ်းများ၊ ထိုင်းနိုင်ငံတစ်ဖက်ကမ်းတွင် ဒုက္ခရောက်နေပြီး ပြန်သင့်၊ မပြန်သင့်စဉ်းစား၍ အိမ်အပြန်နှောင့်နှေးနေကြသည့် ညီအစ်ကိုများအားလုံးကို မိမိအနေဖြင့် "အမိမြေနဲ့ အမေ့အိမ်ကိုပြန်တဲ့ လမ်းမှာ လက်ဆောင်မလိုဘူး၊ အနိုင်၊ အရှုံးမလိုဘူး၊ ငွေမလိုဘူး၊ ရွှေမလိုဘူး"ဟု ပြောလိုကြောင်း။

မိမိတို့နိုင်ငံအတွင်း ဖြစ်ပျက်နေသည့် ပြဿနာများနှင့် ပဋိပက္ခများတွင် အရှုံးအနိုင်မရှိကြောင်း၊ "အိမ်ကို ပြန်ချင်တဲ့စိတ်၊ အမိမြေကို ပြန်ချင်တဲ့စိတ်နဲ့ တုံးတုံးချထားတဲ့ ဆုံးဖြတ်ချက်တစ်ခုသာ လိုပါတယ် ငါ့ညီတို့"ဟု ပြောလိုကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက အိမ်ပြန်လာရန် အာမခံချက်အပြည့်ပေးနေသည့် ထိုအခွင့်အရေးကြီးကို လက်လွှတ်မခံဘဲ အမြန်ဆုံးအိမ်ပြန်လာခဲ့ကြပါဟု ပြောလိုကြောင်း၊ "နိုင်ငံပျောက်သူ" ဟုဆိုသည့် ရုပ်ရှင်အတိုလေးအထဲတွင် "ငါတို့အရှုံးမပေးသ၍ နိုင်ဦးမှာပဲ"ဆိုသည့် စကားလုံးပါဝင်ကြောင်း၊ ထိုစကားလုံးမှာ ညီအစ်ကိုများ၏ အိမ်အပြန်ခရီးကို အနှောင့်အယှက်ပေးနေသူများနှင့် ဝါဒဖြန့်နေကြသူများ၏ လက်ချက်ဖြစ်ကြောင်း၊ ထိုသူများအားလုံးမှာ ငါ့ညီတို့နှင့်လက်တွဲ၍ တောထဲတွင် မရှိကြောင်း၊ ၎င်းတို့အားလုံးမှာ ပြည်ပနိုင်ငံများဖြစ်ကြသည့် အမေရိကနှင့် အခြားနိုင်ငံများကို ရောက်နေကြပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် အိမ်ပြန်ဖြစ်အောင် ပြန်လာခဲ့ကြပါဟု တိုက်တွန်းလိုကြောင်း၊ မိမိတို့လည်း အိမ်ပြန်လာခဲ့ကြကြောင်း၊ ဆရာတင်မိုးမှာ အိမ်မပြန်နိုင်ခဲ့ကြောင်း၊ ဆရာမောင်သန်းလတ်မှာ အိမ်မပြန်နိုင်ခဲ့ကြောင်း၊ အလားတူ ဆရာကြီးတစ်ဦးဖြစ်သည့် ဆရာကြီး ကြေးမုံဦးသောင်းလည်း အိမ်မပြန်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် အချိန်မီအိမ်ပြန်နိုင်ရန်အတွက် အိမ်ပြန်ချင်သည့် ဆုံးဖြတ်ချက်နှင့် အမိမြေကိုပြန်နိုင်သည့် ဆုံးဖြတ်ချက်တစ်ခုကို မြန်မြန်ဆန်ဆန်ချမှတ်၍ နိုင်ငံတော်အစိုးရက ဖိတ်ခေါ်နေသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ အိမ်ပြန်ခဲ့ကြပါဟု တိုက်တွန်းလိုကြောင်း။

မိမိမေးမြန်းလိုသည့် မေးခွန်းမှာ နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုညော့်ခံရေးစခန်းများ ဖွင့်လှစ်၍ကြိုဆိုမည်ဆိုသည့်အစီအစဉ်တွင် ထိုင်းတပ်မတော်ကလည်း ပူးပေါင်းကူညီမည်ဆိုသည်ကို အစောပိုင်းက ဗိုလ်ချုပ်ပြောခဲ့သဖြင့် သိရကြောင်း၊ ထို့ကြောင့် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံနယ်စပ်တွင် ရောက်ရှိနေပြီး ပြန်လာရန်ခက်ခဲနေသည့် လူအင်အားမှာ အင်အားအားလုံး၏ ငါးရာခိုင်နှုန်းကျော်ရှိနေပြီဟု မိမိတို့ သတင်းရရှိကြောင်း၊ မပြန်ရဲသဖြင့် အခက်အခဲဖြစ်နေသူများ အနေဖြင့် ထိုင်းနိုင်ငံဘက်ကမ်းသို့ကူး၍ ထိုင်းတပ်မတော်စခန်းများကို သွားရောက်ရမည်လား၊ ထိုင်းရဲစခန်းများဆီသို့ သွားရောက်ရမည်လား ဆိုသည်ကို သိလိုကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း ကြိုဆိုညော့်ခံရေးစခန်းများကို ထိုင်းနိုင်ငံဘက်အထိ သွားရောက်ဖွင့်လှစ်ပေးရန် စီစဉ်ထားခြင်း ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်းက** သတင်းထောက်ကြီး ပြောခဲ့သကဲ့သို့ အိမ်ပြန်ချင်နေကြသည့် လူငယ်အများအပြားရှိကြောင်း၊ ထိုသို့ပြောနိုင်ခြင်းမှာ မိမိတို့ရရှိထားသည့်သတင်းများအရ ပြောကြားခြင်းဖြစ်သကဲ့သို့ အချို့သောလူငယ်များ ကိုယ်တိုင်လူမှုကွန်ရက်စာမျက်နှာများတွင် တင်ထားသည့် Post များနှင့် ၎င်းတို့ကိုယ်တိုင် လုပ်ဆောင်နေသည့် လုပ်ဆောင်ချက်များအရလည်းသိရကြောင်း၊ မိဘများအနေဖြင့်လည်း မိမိတို့အစိုးရကို မေတ္တာရပ်ခံခဲ့သူများရှိကြောင်း၊ ထိုအကြောင်းအရာများကြောင့်လည်း ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သတင်းထောက်ကြီးပြောသကဲ့သို့ ပြည်သူ့ဘဝထဲတွင် အေးချမ်းစွာနေထိုင်နိုင်ရန် မိမိတို့အနေဖြင့် အာမခံချက်လည်းပေးပြီးဖြစ်ကြောင်း။

မိမိပြောသကဲ့သို့ပြည်ပတွင် ရောက်ရှိနေသူများ၊ ယခုလတ်တလော ဖြစ်ပွားနေသည့် တိုက်ပွဲများတွင် လူငယ်များ၏ တက်ကြွမှုကို အသုံးချပြီး အတင်းအကျပ်ရှေ့မှတက်၍ တိုက်ခိုက်ခိုင်းခြင်းကို ခံနေရသူများလည်းရှိကြောင်း၊ ထိုကိစ္စများနှင့် ပတ်သက်သည့် Video File များလည်းရှိကြောင်း၊ ၎င်း Video File များကို မိမိတို့ တင်ထားခြင်း မဟုတ်ကြောင်း၊ ၎င်းတို့ကိုယ်တိုင် ရိုက်ကူး၍ တင်ထားခြင်းဖြစ်ကြောင်း၊ သေဆုံးသွားသဖြင့် ငိုကြွေးနေကြသည်ကိုလည်း စိတ်မချမ်းမြေ့ဖွယ် တွေ့မြင်ရကြောင်း၊ အားလုံးမှာ မိမိတို့၏ နိုင်ငံသူ၊ နိုင်ငံသားများသာဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ပတ်သက်လာလျှင် မြန်မာ့အရေးကို အတူပူးပေါင်း၍ ဆောင်ရွက်ရမည့်သူများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ဖိတ်ခေါ်ရခြင်းဖြစ်ကြောင်း၊ ဇွန် ၂၈ နှင့် ၂၉ ရက်တို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ထိုင်း-မြန်မာ နယ်ခြားကော်မတီ အစည်းအဝေးအပြီးတွင် ထိုင်းနိုင်ငံဘက်မှ တာဝန်ရှိသူများ လာရောက်တွေ့ဆုံခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံခဲ့ခြင်းနှင့်ပတ်သက်၍ ကြေညာချက်များလည်း ထုတ်ပြန်ထားကြောင်း၊ ထိုင်းနိုင်ငံတပ်မတော်အနေဖြင့်လည်း အထက်ပါကိစ္စများနှင့်ပတ်သက်၍ ၎င်းတို့၏ နယ်စပ်ဒေသများတွင် ရောက်ရှိနေသည့် လူငယ်များသိရှိနိုင်ရန် ပြောပေးမည်ဖြစ်ကြောင်း၊ မိမိတို့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင်လည်း ကူညီဆောင်ရွက်ပေးမည်ဟုပြောခဲ့ကြောင်း။

၁၉၈၈ ခုနှစ် အရေးအခင်းပြီးကာစအချိန်ကလည်း ထိုင်းနိုင်ငံနယ်စပ်၌ ယခုကဲ့သို့ပင် ဒုက္ခရောက်နေသူများရှိခဲ့ကြောင်း၊ ထိုင်းနိုင်ငံထဲတွင် ဝင်ရောက်နေထိုင်၍ ဒုက္ခရောက်နေသူများလည်းရှိခဲ့ကြောင်း၊ ထိုသို့ ဒုက္ခရောက်နေသူများနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ကြိုဆိုလက်ခံရေးစခန်းများကို မိမိတို့နိုင်ငံဘက်တွင်သာမက ထိုင်းနိုင်ငံဘက်၌ပါ ဖွင့်လှစ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် လုံခြုံစိတ်ချရသည့် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတွင် မိမိတို့၏ သံရုံးရှိကြောင်း၊ ထို့အပြင် ထိုင်းနိုင်ငံနှင့်ထိစပ်နေသည့် နယ်စပ်ဒေသများတွင် ကောင်စစ်ဝန်ရုံးများလည်းရှိကြောင်း၊ ထိုနေရာ

*စာမျက်နှာ ၂၀ သို့*

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၇၀ | ၂၁၁၅ | ၂၁၁၀ | ၂၀၈၀ | ၂၁၁၅ | ၂၁၄၀ | ၂၁၂၅ | ၂၁၀၀ | ၂၁၉၅ | ၂၂၁၀ | ၂၁၁၀ | ၂၁၁၅ | ၂၁၅၀ | ၂၁၅၀ | ၂၁၅၅ | ၂၃၇၅ | ၂၇၂၅ |
| 95 Ron | ၂၁၉၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၄၅ | ၂၂၂၅ | ၂၃၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၅၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၈၀ | ၂၄၉၅ | ၂၇၈၅ |
| HSD (500 ppm) | ၂၃၈၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၅ | ၂၄၄၅ | ၂၄၄၅ | ၂၄၁၀ | ၂၅၂၅ | ၂၅၂၀ | ၂၄၁၅ | ၂၄၂၅ | ၂၄၆၀ | ၂၄၆၀ | ၂၄၆၅ | ၂၆၈၅ | ၃၀၂၀ |
| HSD (50 ppm) | ၂၄၁၀ | ၂၄၅၅ | ၂၄၅၀ | ၂၄၁၅ | ၂၄၅၅ | ၂၄၇၅ | ၂၄၇၀ | ၂၄၄၀ | ၂၅၅၅ | ၂၅၅၀ | ၂၄၄၅ | ၂၄၅၅ | ၂၄၉၀ | ၂၄၉၀ | ၂၄၉၀ | ၂၇၁၀ | ၃၀၅၀ |
| HSD (10 ppm) | ၂၄၁၀ | ၂၄၅၅ | ၂၄၅၀ | ၂၄၁၅ | ၂၄၅၅ | ၂၄၇၅ | ၂၄၇၀ | ၂၄၄၀ | ၂၅၅၅ | ၂၅၅၀ | ၂၄၄၅ | ၂၄၅၅ | ၂၄၉၀ | ၂၄၉၀ | ၂၄၉၀ | ၂၇၁၀ | ၃၀၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၇၀ | ၂၀၄၃ |
| 95 Ron | ၂၀၉၀ | ၂၁၆၅ |
| HSD (500 ppm) | ၂၂၇၀ | ၂၃၄၅ |
| HSD (50 ppm) | ၂၂၉၇ | ၂၃၇၃ |
| HSD (10 ppm) | ၂၂၉၇ | ၂၃၇၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မင်းလှမြို့နယ်၌ မိုးရာသီ ဆီထွက်သီးနှံများတိုးချဲ့ စိုက်ပျိုးခြင်းအောင်မြင်ဖြစ်ထွန်း

**မင်းလှ ဇူလိုင် ၅**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ မိုးရာသီ ဆီထွက်သီးနှံများဖြစ်သော မိုးမြေပဲနှင့် မိုးနှမ်းများကို ယခင်နှစ်ထက် တိုးချဲ့စိုက်ပျိုးထားရှိရာ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေ၍ အထွက်နှုန်းတိုးနိုင်ပြီး ဈေးကောင်းရရှိနိုင်ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ဆီထွက်သီးနှံ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဆီထွက် သီးနှံစိုက်တောင်သူများအား မြို့နယ်အတွင်း စားသုံးဆီဖူလုံရေးအတွက် လာမည့်နှစ်တွင် ပိုမိုတိုးချဲ့စိုက်ကြရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဟု ပြောသည်။

ထို့နောက် နှမ်းစိုက်တောင်သူ ဦးဝင်းဌေးက "မိုးနှမ်းကို မေလအတွင်း စတင်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ယခင်နှစ်ကထက် အထွက်နှုန်းပိုနိုင်ပါတယ်။ နှမ်းဈေးလည်းကောင်းပါတယ်" ပြောသည်။

မင်းလှမြို့နယ်၌ ယခုနှစ်မိုးရာသီ၌ မိုးမြေပဲစိုက် ဧကပေါင်း ၄၆၂ ဧကနှင့် မိုးနှမ်းစိုက်ဧကပေါင်း ၅၀၁ ဧက စိုက်ပျိုးထားနိုင်ခဲ့ပြီး နေကြာသီးနှံကို ဆောင်းရာသီတွင် တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့ထုတ်လုပ်ရန် ၁၅ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ပေါက်စ(မင်းလှ)**



## အာဆီယံ အမျိုးသမီးပြိုင်ပွဲတွင် တီမောကို မြန်မာအသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဇူလိုင် ၅**

၂၀၂၂အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (ခ) ပထမနေ့ကို ယနေ့ ညနေပိုင်းက ဖိလစ်ပိုင်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းက တီမောအသင်းကို ခုနစ်ဂိုးပြတ် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲတွင် တီမောကို ဂိုးပြတ်သွင်းယူပြီး အမှားအယွင်းမရှိ နိုင်ပွဲစတင်ရရှိခဲ့သည်။ နည်းပြချုပ်ဒေါ်သက်သက်ဝင်း၏ ပထမဆုံးပွဲတွင် ဂိုးပြတ် အနိုင်ရလဒ်ဖြင့် စတင်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် မေဇင်နွယ် (ဂိုး)၊ ခင်သန်းဝေ၊ ဖြူဖြူဝင်း၊ နော်ထက်ထက်ဝေ၊ ဇွန်ယုယဦး၊ နန့်ဇူးဇူးထက်၊ လင်းမြင့်မိုရ်၊ မြတ်နိုးခင်၊ ခင်မိုးဝေ၊ ခင်မာလာထွန်း၊ ဂျူလိုင်ကျော်တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး ၁၅ မိနစ်တွင် နော်ထက်ထက်ဝေ သွင်းယူသည့်ဂိုးဖြင့် အဖွင့်ဂိုး စတင်ရရှိခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ဂိုးများဆက်တိုက်ရခဲ့ပြီး ၁၉ မိနစ်၊ ၃၂ မိနစ်တွင် ဂျူလိုင်ကျော်၊ ၃၈ မိနစ်တွင် အသင်းခေါင်းဆောင် ခင်မာလာထွန်း၊ ၄၅ မိနစ်တွင် ဝေဖူးအိမ်တို့က သွင်းယူခဲ့ရာ ပထမပိုင်းအပြီးတွင် မြန်မာအသင်းက ငါးဂိုးပြတ်အနိုင်ရနေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ကစားသမားများ အပြောင်းအလဲ ပြုလုပ်ခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို မြတ်နိုးခင်က ၅၉မိနစ်၊ ၇၄ မိနစ်တွင် ထပ်မံသွင်းယူခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဇူလိုင် ၉ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**



## ဂျပန်နိုင်ငံ၌ ကျင်းပမည့် အာရှသက်ငယ်တန်း လူငယ်ကြက်တောင်ပြိုင်ပွဲအတွက် လူရွေးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၅**

ဂျပန်နိုင်ငံ၌ စက်တင်ဘာ ၁၄ ရက်မှ ၁၈ရက်အထိ ကျင်းပမည့် အာရှသက်ငယ်တန်းလူငယ်ကြက်တောင်ပြိုင်ပွဲအတွက် လူရွေးပွဲကို ဇူလိုင် ၄ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကလပ်အသင်း ၁၀ သင်းမှ ကြက်တောင်အားကစားသမား၊ အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ၁၃ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အဆိုပါ အာရှသက်ငယ်တန်း လူငယ် ကြက်တောင်ပြိုင်ပွဲအတွက် အသက် ၁၆နှစ်အောက်၊ အမျိုးသား သုံးဦး၊ အမျိုးသမီး သုံးဦး ရွေးချယ်သွားမည်ဖြစ်ပြီး နိုင်ငံပေါင်း ၁၆ နိုင်ငံ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲလူရွေးပွဲကို ဇူလိုင် ၆ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

## မိုးတစ်ကြိမ် နှစ်ကြိမ်

**နေပြည်တော် ဇူလိုင် ၅**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တို့တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**

## ကျူးကျော်စစ်ပွဲများမှ အတိတ်သမိုင်း သင်ခန်းစာများ ( ၆ )

# ဒီမိုကရေစီကို ဖျက်ဆီးခဲ့သော ဒီမိုကရေစီခေါင်းစဉ်အောက်က ကျည်ဆန်များ

**အတိတ်ဆိုတာပြန်သွားလို့တော့မရပေမယ့် ထားခဲ့လို့ရတဲ့ အရာတစ်ခုတော့ မဟုတ်ပြန်ပါဘူး။ အတိတ်ဆိုတာ သင်ခန်းစာယူနိုင်ရမယ့်အရာသာဖြစ်တယ်။ သင်ခန်းစာယူပြီး ပစ္စုပ္ပန်မှာ အကောင်းဆုံးဖြစ်အောင်လုပ်ရမယ်။ အနာဂတ်အတွက် မျှော်လင့်ပြီး ပြင်ဆင်ရမယ်လို့ ဆိုလိုပါတယ်။**

မြင့်မြတ်

အတိတ်က နိုင်ငံတကာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးသမိုင်းဖြစ်စဉ်အချို့မှာ ယနေ့ခေတ်လူငယ်တွေ မျက်စိလည်၊ နားလည်ရခက်တဲ့ ဖြစ်ရပ်တွေ ရှိနိုင်ပါတယ်။ လူ့အခွင့်အရေးအားပေး၊ လစ်ဘရယ်အားသန်တဲ့ ဒီမိုကရေစီနိုင်ငံကြီးအချို့က သူတို့ကိုယ်တိုင် ပြည်သူ့ဆန္ဒနဲ့အညီ အုပ်ချုပ်နေတဲ့ ဒီမိုကရေစီနိုင်ငံတွေကို ဝင်ရောက်စွက်ဖက်ပြီး သူတို့မကြိုက်၊သြဇာမခံတဲ့ဒီမိုကရေစီအရပ်သားအစိုးရကို ဖြုတ်ချ၊ နောက်ကွယ်က သူတို့တင်ပေးပြီး သူတို့အကျိုးလိုလားတဲ့ အာဏာသိမ်းစစ်တပ်ကို ထောက်ခံ၊ အသုံးတော်ခံ စစ်အာဏာရှင်တွေကို သက်ဆိုးရှည်အောင် အထောက်အပံ့ပြု၊ အမျိုးမျိုးဝင်ရောက်ခြယ်လှယ်ခဲ့ကြပြီးမှ ခေတ်သစ်ကိုလိုနီတစ်ပိုင်း လက်အောက်ခံဖြစ်အောင် လုပ်ခဲ့ကြတဲ့ သမိုင်းသာဓကတွေများစွာရှိခဲ့တယ်ဆိုရင်...

ဒီနိုင်ငံကြီးတွေကသာ အချို့နိုင်ငံတွေကို တရားမဝင် စစ်အစိုးရ ဘာညာစွပ်စွဲနေတာ၊ သူတို့ကိုယ်တိုင်ရော ဒီမိုကရေစီကိုဖျက်ဆီးပြီး စစ်ဘက်က အာဏာသိမ်းပြီးမှ အာဏာရှင်အစိုးရဖြစ်အောင် လုပ်ခဲ့ကြတဲ့ သမိုင်းဖြစ်ရပ်တွေ ဘာကြောင့်ရှိခဲ့ပါသလဲ။

**ဒုတိယကမ္ဘာစစ်အပြီး ကွန်မြူနစ်နဲ့အရင်းရှင် အားပြိုင်မှု၏ သက်ရောက်မှု**

ကမ္ဘာ့သမိုင်းမှာ ဒုတိယကမ္ဘာစစ်အပြီး နိုင်ငံများစွာမှာ လက်ဝဲယိမ်းအစိုးရတွေ တက်လာတဲ့အချိန်မှာ စီအိုင်အေတို့ရဲ့ ဌာနေနိုင်ငံစစ်တပ်ကြီးနဲ့ စီအိုင်အေရဲ့ စစ်ရေးနဲ့ အဖျက်အမှောင့် ဝင်ရောက်စွက်ဖက်မှုတွေဟာ ပိုပြီးကြီးမားကျယ်ပြန့်ခဲ့တယ်လို့ ဆိုရပါလိမ့်မယ်။ ဒီလိုစွက်ဖက်မှုတွေဟာ ကမ္ဘာမှာ ကွန်မြူနစ်ခေါင်းဆောင် အရှေ့အုပ်စု ဆိုဗီယက်နဲ့အမေရိကန်ဦးဆောင်တဲ့ အရင်းရှင်အနောက်အုပ်စုနိုင်ငံတွေ အားပြိုင်ရင်ဆိုင်ရာကနေ ဖြစ်ပေါ်လာတဲ့ သက်ရောက်မှုတွေပါပဲ။ စီအိုင်အေတို့ရဲ့ နိုင်ငံကြီးအနေနဲ့ ကမ္ဘာမှာ ကွန်မြူနစ်သြဇာမလွှမ်းနိုင်ရေး မိမိရဲ့ လက်တံကို ဆန့်ထုတ် စစ်ဘက်အာဏာသိမ်းမှုတွေဖြစ်အောင် အားပေးအားမြှောက်ပြုပြီး ဗိုလ်ကျစိုးမိုး သြဇာအာဏာပေးပြီး ကွန်မြူနစ်ဆန့်ကျင်တဲ့ လက်ဝေခံအာဏာရှင်အစိုးရတွေဖြစ်အောင် မြှောက်ပင့်သိမ်းသွင်းလုပ်ခဲ့တဲ့နေရာမှာတော့ ကွန်မြူနစ်တစ္ဆေခြောက်ခံနေရတဲ့ ဒီလိုနိုင်ငံကြီးကို ဘယ်လိုနိုင်ငံကမှ မီမယ်မထင်ပါဘူး။


စစ်ပွဲကြောင့် ယူကရိန်းနိုင်ငံ အဆောက်အအုံတစ်ခု ပျက်စီးနေမှုကို တွေ့ရစဉ်။

**ဂွါတီမာလာအဖြစ်အပျက်**

ဗဟိုအမေရိကတိုက်က ဂွါတီမာလာဆိုတဲ့ နိုင်ငံလေးတစ်ခုရဲ့ဖြစ်အင်ကိုပဲ လေ့လာကြည့်ရအောင်ပါ။ ဂွါတီမာလာမှာ ၁၉၅၃ ခုနှစ်အထိတော့ ဂျာကိုဗိုအားဘန့်စ် ဦးဆောင်တဲ့ လက်ဝဲယိမ်းအရပ်သား ဒီမိုကရက်တစ်အစိုးရတစ်ရပ်က နိုင်ငံကို တည်တည်ငြိမ်ငြိမ်နဲ့ ဦးဆောင်အုပ်ချုပ်နေခဲ့ပါတယ်။ ဒါပေမယ့် နိုင်ငံစီးပွားရေးကို စိတ်တိုင်းကျ ခြယ်လှယ်နေတဲ့ ယူအက်စ်နိုင်ငံစုံ Fruit ကုမ္ပဏီကြီးရဲ့ မြေယာတွေကို နိုင်ငံပိုင်ပြုလုပ်ပြီး မြေမဲ့ယာမဲ့ဖြစ်နေတဲ့ ဆင်းရဲသားနိုင်ငံသားတွေကို ခွဲဝေပေးမယ့် အားဘန့်စ်အစိုးရရဲ့ အစီအစဉ်ဟာ အမေရိကန်အရင်းရှင်တွေရဲ့ အကျိုးစီးပွားနဲ့ ဆန့်ကျင်သွားတဲ့အခါ ဂွါတီမာလာအစိုးရဟာ စီအိုင်အေက ပံ့ပိုးထားတဲ့ ကြေးစားတပ်တွေရဲ့ ဝင်ရောက် တိုက်ခိုက်တာကို ရင်ဆိုင်ခဲ့ရပါတယ်။ ကျူးကျော် တိုက်ခိုက်မှု မအောင်မြင်တဲ့အခါမှာ စီအိုင်အေရဲ့ အဖျက်အမှောင့်နှောင့်ယှက်မှုတွေကို ဆက်တိုက်ခံရတော့တာပါပဲ။

သမ္မတအားဘန့်စ်ကို ဂွါတီမာလာစစ်တပ်က မဖြုတ်ချဘူးဆိုရင် ဒီမိုကရေစီ အားပေးစစ်တပ်ကြီးအနေနဲ့ ဝင်ရောက်တိုက်ခိုက်ရလိမ့်မယ်လို့ ဖိအားပေးလာတဲ့အခါ ဂွါတီမာလာစစ်တပ်ကလည်း သမ္မတကို အတင်းအကျပ်ဖြုတ်ချပြီး အာဏာသိမ်းရပါတော့တယ်။ သမ္မတခမျာ အိမ်နီးချင်းမက္ကဆီကိုနိုင်ငံဆီ ထွက်ပြေးရပြီး အဲဒီနိုင်ငံမှာပဲ နိုင်ငံရေးခိုလှုံခွင့် ရယူလိုက်ရပါတော့တယ်။ ဂွါတီမာလာလည်း ဒီမိုကရေစီနိုင်ငံကြီးရဲ့ ထောက်ခံမှုနဲ့အတူ စစ်တပ်အာဏာသိမ်းခံရပြီး နောင်နှစ်ပေါင်း ၄၀ အထိ ဒီမိုကရေစီ အမည်ခံ ပံ့ပိုးထားတဲ့အာဏာရှင်စနစ်အောက်မှာ ဂွါတီမာလာပြည်သူတွေခမျာ ၃၆ နှစ်ကြာပြည်တွင်းစစ်နဲ့အတူ ဆိုးရွားစွာ ရုန်းကန်ခဲ့ကြရပါတယ်။ ဘယ်လောက်တောင် ဆိုးရွားခဲ့သလဲဆိုရင် စီအိုင်အေကပံ့ပိုးထားတဲ့ အာဏာရှင်အစိုးရနဲ့ ဂွါတီမာလာ စစ်တပ်ကြောင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေ၊ လုပ်ကြံသတ်ဖြတ်ခံရမှုတွေ၊ လိင်ပိုင်းဆိုင်ရာ အဓမ္မကျူးလွန်မှုတွေနဲ့ အတင်းအကျပ်ရွှေ့ပြောင်းခံရမှုတွေဟာ ရာထောင်မကရှိခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

**ဖြုတ်ချခံလက်ဝဲယိမ်းလက်တင်အမေရိကနိုင်ငံအချို့**

ဒုတိယကမ္ဘာစစ်အပြီး ဗဟိုလက်တင်အမေရိကနိုင်ငံငယ်တွေမှာ လက်ဝဲယိမ်း အစိုးရတွေ ပိုအားကောင်းခဲ့တယ်လို့ ဆိုရမယ်။ ဒါကလည်း ပြည်သူအကြိုက် ပြည်သူ့အမြင်ကို ထင်ဟပ်ခြင်းပဲ ဖြစ်ပါတယ်။ ကိုလိုနီစနစ်ဆိုးအောက်က လွတ်မြောက်ခါစနိုင်ငံတွေက ပြည်သူအများစုဟာ ကိုလိုနီကျွန်ပြုနယ်ချဲ့အရင်းရှင်တွေကို စိတ်ကုန်ရွံ့မုန်းနေကြပြီဆိုရင် ဒီအချက်ကို လွန်တယ်လို့ ယူဆလို့မရပါဘူး။ တကယ်လည်း အဲဒီအချိန်အဲဒီကာလမှာ ကွန်မြူနစ်လက်ဝဲဆိုရှယ်လစ်တွေ ကမ္ဘာမှာ အားကောင်းခဲ့တာပါ။ လက်တင်အမေရိကမှာ စီအိုင်အေ မွေချက်ကတော့အများကြီးပါပဲ။ ၁၉၆၀-၇၀ ပြည့်လွန်နှစ်တွေမှာ ဘရာဇီး၊ ဒိုမီနီကန်သမ္မတနိုင်ငံနဲ့ ချီလီနိုင်ငံတို့မှ လက်ဝဲယိမ်းအစိုးရများကို ဒီမိုကရေစီနိုင်ငံကြီးရဲ့ စီအိုင်အေက ဝင်ရောက်စွက်ဖက်ဖြုတ်ချပစ်ခဲ့ပါတဲ့သာဓကတွေ များစွာရှိခဲ့ပါတယ်။

ချီလီကိုကြည့်ရအောင်ပါ၊ ချီလီသမ္မတ အာလန်ဒေးအစိုးရဟာ မီလီယံနဲ့ချီတဲ့ စီအိုင်အေ ဒေါ်လာတွေနဲ့ လွှမ်းခြုံထားတဲ့ ဆန္ဒပြလူလှိုင်းကြီးအောက်မှာ ပြုတ်ကျသွားခဲ့ရပါတယ်။ စီအိုင်အေအထောက်အပံ့ခံ ချီလီစစ်တပ်ဟာ အာလန်ဒေးအစိုးရကို ဖယ်ရှားပြီး အစိုးရခေါင်းဆောင်တွေကို လုပ်ကြံသတ်ဖြတ်၊ အာလန်ဒေး ထောက်ခံသူတွေကို ရက်ရက်စက်စက်သတ်ပစ်ခဲ့ကြပါတယ်။ ချီလီနိုင်ငံဥပမာဟာ ကမ္ဘာမှာ တုန်လှုပ်ချောက်ချားစရာ စွက်ဖက်မှုကြီးတစ်ခုအဖြစ် သမိုင်းတွင်ပြောစမှတ်ဖြစ်ခဲ့ပါတယ်။

> ❖ **မိမိနိုင်ငံရဲ့ဆင်းရဲသားပြည်သူတွေအတွက် ပြုပြင်ပြောင်းလဲရေးတွေ များစွာပြုလုပ်ခဲ့သူ၊ နိမ့်ပါးသူတွေအတွက် မြေယာပြုပြင်ရေး၊ သဘာဝဓာတ်ငွေ့ သယံဇာတကရတဲ့ ငွေကြေးကို ပြည်သူပြည်သားအားလုံးအတွက် အညီအမျှခွဲဝေပေးဖို့ စဉ်းစားပေးခဲ့သူ၊ ပြည်သူအကြိုက် ခေါင်းဆောင်ဖြစ်ခဲ့ပေမယ့် အရင်းရှင်အကျိုးစီးပွားကို ဆန့်ကျင်ရင်၊ တရုတ်၊ ရုရှားဘက်ယိမ်းပြီး ဆိုရှယ်လစ်နဲ့ အမျိုးသားရေးဘက် တိမ်းညွတ်လာရင် စီအိုင်အေနိုင်ငံကြီးရဲ့ အမြင်စောင်းတာခံရနိုင်ပြီး ပညာပေးခြင်း ခံရနိုင်တယ်ဆိုတဲ့ ဤအချက်ကို သင်ခန်းစာယူလို့ ရခဲ့ပါတယ်**

**ဘိုလစ်ဗီးယားဥပမာတစ်ခု**

လောလောလတ်လတ် ဆယ်စုနှစ်တစ်စု အလွန်ကာလလေးမှာတင် စီအိုင်အေ အကူအညီနဲ့အတူ ပြိုင်ဘက်နိုင်ငံရေးသမားတွေရဲ့ ဖြုတ်ချခံ ဘိုလစ်ဗီးယားနိုင်ငံက ဆိုရှယ်လစ်ပြုပြင်ပြောင်းလဲရေးသမားသမ္မတ အီဗိုမိုရေးလ်အကြောင်း တင်ပြချင်ပါတယ်။

သူဟာ ၂၀၀၆ ခုနှစ်ကနေ ၂၀၁၉ အထိ ပြည်သူ့အကြိုက် သမ္မတတစ်ဦးဖြစ်ခဲ့တယ်။ ၂၀၁၉ သမ္မတရွေးကောက်ပွဲမှာ အနိုင်ရခဲ့ပေမယ့် သူ့ရဲ့ရလဒ်ဟာ ငြင်းပယ်ခြင်းခံခဲ့ရပြီး နောက်တစ်ကြိမ်ပြန်လုပ်မယ့် ရွေးကောက်ပွဲမှာ ဝင်ပြိုင်ခွင့်တောင်မရတော့ဘဲ အာဂျင်တီးနားနိုင်ငံကို ထွက်ပြေးခိုလှုံခဲ့ရတဲ့ အခြေအနေအထိ ရောက်ခဲ့သူပါ။ အဓိကလက်သည်ကတော့ စီအိုင်အေပါပဲ။

ဘာကြောင့်လဲဆိုရင် မိမိနိုင်ငံရဲ့ဆင်းရဲသားပြည်သူတွေအတွက် ပြုပြင်ပြောင်းလဲရေးတွေများစွာ ပြုလုပ်ခဲ့သူ၊ နိမ့်ပါးသူတွေအတွက် မြေယာပြုပြင်ရေး၊ သဘာဝဓာတ်ငွေ့သယံဇာတက ရတဲ့ငွေကြေးကို ပြည်သူပြည်သားအားလုံးအတွက် အညီအမျှ ခွဲဝေပေးဖို့ စဉ်းစားပေးခဲ့သူ၊ ပြည်သူအကြိုက်ခေါင်းဆောင်ဖြစ်ခဲ့ပေမယ့် အရင်းရှင် အကျိုးစီးပွားကိုဆန့်ကျင်ရင်၊ တရုတ်၊ ရုရှားဘက်ယိမ်းပြီး ဆိုရှယ်လစ်နဲ့ အမျိုးသားရေးဘက် တိမ်းညွတ်လာရင် စီအိုင်အေနိုင်ငံကြီးရဲ့ အမြင်စောင်းတာ ခံရနိုင်ပြီး ပညာပေးခြင်း ခံရနိုင်တယ်ဆိုတဲ့ ဤအချက်ကို သင်ခန်းစာယူလို့ ရခဲ့ပါတယ်။

**အာရှက တောင်ကိုရီးယား၊ အင်ဒိုနီးရှားနဲ့ အီရန်ဥပမာများ**

ဒုတိယကမ္ဘာစစ်ပြီးစ ယခုအာရှမှာ အမေရိကန်ရဲ့အဓိကမဟာမိတ်ဖြစ်နေတဲ့ တောင်ကိုရီးယားဖြစ်စဉ်ကိုလည်း ကြည့်ကြရအောင်ပါ။ ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်အပြီး တောင်ကိုရီးယားနိုင်ငံမှာ စီအိုင်အေနိုင်ငံကြီးက ထောက်ခံတဲ့အာဏာရှင်ဆမ် ဂျန်ဟီးဟာဆိုရင် ၁၉၄၈ ခုနှစ်ကနေ အဲဒီနိုင်ငံကြီးအကူအညီနဲ့ ပြည်သူတွေကို နှိပ်ကွပ်အုပ်ချုပ်ခဲ့တာ ၁၉၆၀ ပြည့်နှစ်အထိပါပဲ။ သူ့လက်ထက်မှာ အစုလိုက်အပြုံလိုက် လူသတ်ပွဲတွေဖြစ်ခဲ့တာ မွန်ဂျောင်နဲ့ ဘိုဒိုလူသတ်ပွဲတွေဆိုတာ ထင်ရှားတာပေါ့။ အနည်းဆုံး ကွန်မြူနစ်သံသယနဲ့ လူပေါင်းတစ်သိန်းလောက်အထိ အသတ်ခံခဲ့ကြရပြီး နောက်ဆုံးမှာ ပြည်သူတွေက ဆန့်ကျင်ကြလို့ စီအိုင်အေ အကူအညီနဲ့ နိုင်ငံကထွက်ပြေးခဲ့ရတဲ့အထိပါပဲ။ သူ့ကို ထိုနိုင်ငံကြီးက နောက်ဆုံးအကြိမ်အထိ အကူအညီပေးခဲ့တာကို တွေ့ရပါတယ်။

နောက်ထပ်အာရှက အဖြစ်အပျက်တစ်ခုကလည်း ဒီလိုပါပဲ။ ၁၉၆၅ ခု အရှေ့တောင် အာရှ အင်ဒိုနီးရှားနိုင်ငံမှာ ဖြစ်ခဲ့တဲ့အဖြစ်အပျက်တစ်ခုပါ။ သမ္မတဆူကာနို အုပ်ချုပ်စဉ်ကာလကပေါ့။ စီအိုင်အေဘက်ကကြည့်ရင် ဆူကာနိုဟာ တရုတ်နိုင်ငံဘက်ကို ယိမ်းနေပြီး အင်ဒိုနီးရှားဟာ ကွန်မြူနစ်ဖြစ်တော့မယ့် အလားအလာတွေကို မြင်နေရတယ်လို့ဆိုပါတယ်။ လုပ်ဆောင်ချက်ကတော့ စီအိုင်အေ

စာမျက်နှာ ၂၁ သို့

# ပဲခူးကို စိမ်းလန်းစိုပြည်သော မြို့ပြရပ်ဝန်းတစ်ခုအဖြစ် အကောင်အထည်ဖော်ရေး ဆွေးနွေး



**ပဲခူး ဇူလိုင် ၅**

ပဲခူးမြို့နယ်အား Clean City & Green City စိမ်းလန်းစိုပြည်သော မြို့ပြရပ်ဝန်းတစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပဲခူးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၀၆ အုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ တွေ့ဆုံ ဆွေးနွေးပွဲကို ယမန်နေ့က ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မြို့ပြဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ လမ်း/ပလက်ဖောင်း၊ တံတား/ ရေမြောင်းဆိုင်ရာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် အခြားဝန်ဆောင်မှုပိုင်းဆိုင်ရာ လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်နည်းပါးစေရေးကိုလည်း အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် မိမိတို့၏ ရပ်ရွာများ တည်ငြိမ်အေးချမ်းကာ သန့်ရှင်း၍ စိမ်းလန်းစိုပြည်ပြီး အများပြည်သူနေချင်ဖွယ်နေရာတစ်ခုအဖြစ် ဖန်တီးပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများက ရပ်ကွက်/ကျေးရွာအုပ်စု တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ သိရှိလိုက်နာဆောင်ရွက်ရမည့် ဥပဒေ၊ နည်းဥပဒေများကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြစိမ်းရောင် ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)အတွက် ပဲခူးမြို့နယ် မုန်တိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကလိကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့ကို ငွေကျပ်သိန်း ၃၀၀ စီ၊ အစိုးရအဖွဲ့တာဝန်ရှိသူများက Cash For Work စီမံကိန်းအတွက် စိုင်တီကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား ငွေကျပ်သိန်း ၁၀၀ နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ကျေးရွာအုပ်စု ၁၂ အုပ်စု အုပ်ချုပ်ရေးမှူး များအား ငွေကျပ်သိန်း၁၀၀ စီ ပေးအပ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၇ မှ*

များသို့လည်း သွားရောက်၍ သတင်းပို့နိုင်ကြောင်း၊ ယခုထက်ပိုမိုတိုးချဲ့လုပ်ဆောင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စေတနာထား၍တိုက်တွန်းလိုသည်မှာ မိမိတို့သိရသည့်သတင်းများအရ အချို့သောလွှတ်တော်အမတ်များလည်း ပါဝင်ကြောင်း၊ လွှတ်တော်အမတ်ဟုဆိုသော်လည်း ထင်ရှားသည့်အမတ်များ မဟုတ်ကြောင်း၊ NLD ဘက်မှ လွှတ်တော်အမတ်များဖြစ်ကြောင်း၊ ၂၀၂၀ ရွေးကောက်ပွဲတွင်မှ ပထမဦးဆုံးအကြိမ် ဝင်ရောက်အရွေးခံခဲ့သည့် လွှတ်တော်အမတ်များဖြစ်ကြောင်း၊ အသက်အရွယ် ငယ်သူများလည်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံဘက်သို့ ရောက်ရှိနေသည့် လွှတ်တော်အမတ်အချို့လည်းရှိကြောင်း၊ သို့သော် ၎င်းတို့အနေဖြင့် နိုင်ငံရေးကို ဆောင်ရွက်ရာတွင် ၎င်းတို့၏ မူလခံယူချက်အတိုင်း မိမိတို့တိုင်းပြည်၏ ကောင်းရာကောင်းကျိုးအတွက် ဆောင်ရွက်မည်ဆိုသည့် ရည်ရွယ်ချက်နှင့်သာဖြစ်ကြောင်း၊ ၎င်းတို့အားလုံးမှာ ကြောက်လန့်တကြား ထွက်ပြေးကြသည့်အချိန်တွင် ဘုမသိဘမသိ ရောယောင်၍ ထွက်ပြေးခဲ့ကြသူများ ဖြစ်ကြောင်း၊ သို့သော် လူရာသွင်းခြင်းမခံရဘဲ အတော်ဒုက္ခရောက်နေကြသူများလည်းရှိကြောင်း၊ ထိုသူများအထဲမှ မိမိတို့ကို ဆက်သွယ်၍ သတင်းပေးလာသူများရှိကြောင်း၊ မိမိတို့ ယခုထုတ်ပြန်ကြေညာခဲ့သည့် ကြေညာချက်အထဲတွင် လူငယ်လူရွယ်များ၊ CDM လုပ်သည့် ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများဟု အဓိကထား၍ ခေါင်းစဉ်တပ်ထားသော်လည်း အထက်တွင် မိမိပြောခဲ့သူများလည်း ပါဝင်သည်ဟု အသိပေးလိုကြောင်း။

မိမိတို့အစိုးရအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာမခံထားသည့် ကိစ္စနှစ်ခုရှိကြောင်း၊ ပြည်သူများလိုလားတောင့်တနေသည့် ပါတီစုံဒီမိုကရေစီစနစ်မှ မည်သည့်အချိန်တွင်မျှ သွေဖည်သွားမည် မဟုတ်ကြောင်း၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလမ်းကြောင်းပေါ်မှ မည်သည့်အချိန်တွင်မျှ သွေဖည်သွားမည်မဟုတ်ကြောင်း၊ အဆိုပါအချက်နှစ်ချက်ကို မိမိတို့ ခိုင်ခိုင်မာမာ အာမခံထားကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် "အားလုံး လိုချင်နေသည့်အရာမှာ ဒါပဲမဟုတ်ဘူးလား" ဟု မေးလိုကြောင်း၊ အားလုံး၏ ရည်မှန်းချက်မှာ အတူတူပင်ဖြစ်ကြောင်း၊ ပွင့်ပွင့်လင်းလင်း ပြောရမည်ဆိုပါက မဟာဗျူဟာအရ တူညီပြီးဖြစ်ကြောင်း၊ လုပ်နည်းလုပ်ဟန်များတွင်သာ ကွဲပြားခြားနားကောင်း ကွဲပြားခြားနားလိမ့်မည်ဖြစ်ကြောင်း၊ ပေါင်းဆုံ၍ရသောကြောင့် အားလုံးအနေဖြင့် နိုင်ငံရေး ရည်မှန်းချက်အရဖြစ်စေ၊ ခြိမ်းခြောက်ခံရ၍ဖြစ်စေ သူတစ်ပါး၏ နယ်မြေတွင် သွားရောက်၍ ဒုက္ခခံ၊ အသေခံရန်မလိုကြောင်း၊ ၎င်းတို့ လိုချင်သည့် ဒီမိုကရေစီစနစ် ထူထောင်ရေးဆိုသည့်ကိစ္စကိုလည်း မိမိတို့အာမခံထားပြီးဖြစ်ကြောင်း၊ အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် ပြောလိုကြောင်း၊ သတင်းထောက်ကြီးအနေဖြင့် ယခုကဲ့သို့ ပြောကြားပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ သတင်းထောက်ကြီး ပြောခဲ့သည့် ဥက္ကရစ်ထနယ်စပ်စစ်ဆင်ရေး ခြေကုပ်စခန်းတွင် ယခုအချိန်အထိ ကြံ့ကြံ့ခံ၍ မိမိ၏ အသက်ကိုပင် ပဓာနမထားဘဲ တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားအားလုံးကိုလည်း ယခု သတင်းစာရှင်းလင်းပွဲမှ တစ်ဆင့် ကျေးဇူးတင်ပါသည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

---

*စာမျက်နှာ ၂၀ မှ*

ပါဝင်ပတ်သက်မှုနဲ့အတူ ဆူကာနိုအစိုးရ အာဏာသိမ်းခြင်းခံလိုက်ရတာပါပဲ။ အတော်ကို ဆိုးဆိုးရွားရွားဖြစ်ခဲ့တာပါ။ ဆူကာနိုကို ထောက်ခံတဲ့လူပေါင်းတစ်သန်းခန့်အထိ အသတ်ခံလိုက်ရပါတယ်။ အာဏာမသိမ်းမီကတည်းက စီအိုင်အေဟာ အင်ဒိုစစ်တပ်ထံ သုတ်သင်ပစ်ရမယ့်စာရင်း ပို့ပြီးသား ဖြစ်ပါတယ်။

အခြားနိုင်ငံတွေနဲ့မတူတဲ့အချက်က အင်ဒိုစစ်တပ်နဲ့ အကြီးအကဲ ဗိုလ်ချုပ်ကြီး ဆူဟာတိုခေါင်းဆောင်မှုအောက်မှာ ပြည်သူတွေရဲ့စည်းလုံးညီညွတ်မှုနဲ့ပညာရည်ပြည့်ဝမှုကြောင့် ယနေ့ခေတ် အင်ဒိုနီးရှားနိုင်ငံကြီးကိုတော့ အာရှကျားတစ်ကောင်အဖြစ် တင်စားလို့ ရနေပါတယ်။ ဒါကလည်း သင်ခန်း စာယူစရာတစ်ခု ဖြစ်ခဲ့ပါတယ်။

အနောက်အာရှ အရှေ့အလယ်ပိုင်းက အီရန်မှာလည်း ဒီလိုပါပဲ။ ၁၉၅၃ ခုနှစ်တွင် အီရန်မှာ ပြည်သူအကြိုက်ပြုပြင်ပြောင်းလဲရေးလိုလားတဲ့ မိုဟာမက်မိုဆာဒက်ရဲ့ အစိုးရတစ်ရပ်ဟာ စီအိုင်အေတို့ရဲ့ နိုင်ငံကြီးက အားပေးထောက်ခံကူညီမှုနဲ့ အီရန်စစ်တပ်ရဲ့ အာဏာသိမ်းတာ ခံခဲ့ရဖူးပါတယ်။ အင်္ဂလိပ်တွေပိုင်တဲ့ အင်ဂလိုအီရန်နီယန် ရေနံကုမ္ပဏီကို ထိုအီရန်အစိုးရက နိုင်ငံပိုင်သိမ်းခဲ့တာကို အကြောင်းပြုပြီး စစ်တပ်ကို အာဏာသိမ်းစေခဲ့တာပဲဖြစ်ပါတယ်။ နိုင်ငံမှာ အစဉ်အဆက်ကျင့်သုံးခဲ့တဲ့ စည်းမျဉ်းခံဘုရင်စနစ်ကနေ အနောက်ဒီမိုကရေစီနိုင်ငံကြီးရဲ့အထောက်အပံ့ခံ အာဏာရှင်နိုင်ငံတစ်နိုင်ငံအဖြစ် ပြောင်းလဲသွားခဲ့တာတော့ ပြောစရာဖြစ်ခဲ့ပါတယ်။ အနောက်အုပ်စုထောက်ခံတဲ့ အာဏာရှင်သက်တမ်းဟာ ၁၉၇၉ ခုနှစ် အီရန်တော်လှန်ရေးကြီးအထိ ကြာခဲ့ပါတယ်။

**ပါဝင်ပတ်သက်မှုပေါင်းများစွာနဲ့အတူ ဒုက္ခန္တံတောက ကမ္ဘာ့ပြည်သူတွေ**

တင်ပြပါ အချက်အလက်တွေဟာ အနည်းငယ်သာပဲဖြစ်ပါတယ်။ ဖြစ်စဉ်ဖြစ်ရပ် များစွာကျန်ရှိပါသေးတယ်။ လေ့လာချက်တွေအရ နိုင်ငံတွေရဲ့ ရွေးကောက်ပွဲတွေမှာ မိမိ အလိုကျအစိုးရတက်လာဖို့ စီအိုင်အေက ဝင်ရာက်စွက်ဖက်တာမျိုး အပါအဝင် တပ်ဖွဲ့တွေစေလွှတ်ပြီး အဓမ္မကျူးကျော်တိုက်ခိုက်တာအဆုံး ၁၉၄၆ ကနေ ၂၀၁၂ ခုနှစ် ဆီရီးယားပြည်တွင်းစစ်အထိ ပါဝင်ပတ်သက်မှုပေါင်း ၈၉ ခုအထိ ရှိခဲ့ကြောင်း သိရပါတယ်။

မသိမသာပဲဖြစ်ဖြစ်၊ သိသိသာသာပဲ ဖြစ်ဖြစ် တိုက်ရိုက် ဒါမှမဟုတ် သွယ်ဝိုက်ပြီး နိုင်ငံခြားတိုင်းပြည်တွေအပေါ်မှာ ကွန်မြူနစ်လက်ဝဲဆန့်ကျင်တဲ့ နိုင်ငံကြီးရဲ့ ပါဝင်စွက်ဖက်မှုကို ကြည့်ရင် ရှေ့တန်းကျကျ ထိုနိုင်ငံကြီးရဲ့စစ်တပ်တွေ ပါဝင်တိုက်ခိုက်မှုနဲ့အတူ နောက်ကွယ်က စီအိုင်အေလက်ချက်မကင်းတဲ့ အဖျက်အမှောင့် လက္ခဏာများစွာကိုလည်း တွေ့မြင်ရပါလိမ့်မယ်။

ထိုထိုနိုင်ငံကြီးတွေက ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနဲ့ လူသားချင်းစာနာထောက်ထားမှုကို စံနှုန်းအမျိုးမျိုးနဲ့ ရှေ့တန်းတင် ပြသတတ်ပါတယ်။ စစ်ကို မလိုလားဘူး၊ အဏုမြူမလိုလားဘူး၊ ငြိမ်းချမ်းရေးသာ အဓိကဖြစ်တယ်လို့ပြောပြီး တစ်ကမ္ဘာလုံး မြေပြင် ဝေဟင် ရေပြင်အနှံ့ စစ်အင်အား ပမာဏအကြီးဆုံး ဖြန့်ကြက်စိုးမိုးထားတဲ့နိုင်ငံဆိုလို့ တစ်နိုင်ငံပဲ ရှိပါတယ်။ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနဲ့ လူသား လုံခြုံရေး အကြောင်းပြ၊ စီးပွားရေးနဲ့ ကုန်သွယ်ရေး အကြောင်းပြပြီး ဖွံ့ဖြိုးရေးကို ရှေ့တန်းတင်သလိုလိုနဲ့ ဟန်ဆောင်တတ်ကြပါတယ်။ မတူကွဲပြားမှုနဲ့ တရားမျှတမှုကို ရောချတယ်၊ အကြောင်းပြချက် အများကြီးနဲ့ မလိုချင်ရင် အာဏာရှင်၊ လိုချင်တော့ ဒီမိုကရေစီ သတ်မှတ်၊ ဆင်းရဲမှုတိုက်ဖျက်ရင်းကပဲ စီးပွားရေးပိတ်ဆို့၊ ဆင်းရဲတဲ့နိုင်ငံတွေကို ဆင်းရဲသထက် ဆင်းရဲအောင်လုပ်၊ ကမ္ဘာ့ငြိမ်းချမ်းရေး တွင်တွင်ပြောနေပေမယ့် စစ်အသုံးစရိတ်တိုးပြီး ကမ္ဘာအနှံ့စစ်မြူစစ်ပွဲဖန်တီး၊ ကိုယ်စားပြုစစ်ပွဲ ဆင်နွှဲခိုင်းခံရတဲ့နိုင်ငံတွေမှာ ဒုက္ခန္တံတောက ရုန်းထွက်မရတော့တဲ့ပြည်သူတွေရဲ့ ရင်နာစရာအဖြစ်တွေ မကြည့်ချင်၊ မမြင်ချင်ပါဘဲ တွေ့နေမြင်နေရဆဲဖြစ်ပါတယ်။

ကိုယ့်နိုင်ငံနဲ့ကိုယ့်နိုင်ငံသားတွေကိုတော့ စစ်ထဲမပါအောင်ရှောင်ခိုင်းထားပြီး ကမ္ဘာအနှံ့လှည့်လည်ပြီး နှိပ်ကွပ်အနိုင်ကျင့်တဲ့ဖြစ်စဉ်တွေကို အများအပြား ဖန်တီးလုပ်ဆောင်နေဆဲ ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ပြီးကတည်းက ကမ္ဘာကြီးကို လစ်ဘရယ် ပို့ကုန်နဲ့ ကယ်တင်နေတာ ယခုအထိ မပြီးသေးပါဘူး။ ကမ္ဘာ့နေရာအချို့မှာ လစ်ဘရယ်အသွင်းကောင်းလို့ အကြမ်းဖက်စစ်ပွဲတွေနဲ့ မငြိမ်းချမ်းသေးတာလည်း မမြင်ချင်အဆုံးပဲ ဖြစ်ပါတယ်။

